# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဩဂုတ်လ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၄၀)၊ ၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်၊ ၁-၈-၂၀၂၄၊ ကြာသပတေးနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၄) ကျင်းပစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေး(၂/ ၂၀၂၄) ကျင်းပ

နေပြည်တော် ဇူလိုင် ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၄)ကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယာယီသမ္မတဦးမြင့်ဆွေသည် လက်ရှိကျန်းမာရေးအခြေအနေအရ ဆေးခွင့်ယူ၍ ဆေးကုသမှုခံယူနေသဖြင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုင်ရာ ကိစ္စရပ်များကို လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန်အလို့ငှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ယာယီသမ္မတတာဝန် ဝတ္တရားများကို လွှဲပြောင်းအပ်နှံခဲ့သောကြောင့် အစည်းအဝေးသို့ ယာယီသမ္မတ (တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အထူးဖိတ်ကြားထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးတို့ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ☆

## မှတ်သားဖွယ်ရာမိုးရေချိန်များ

နေပြည်တော် ဇူလိုင် ၃၁

| | |
|---|---|
| ကျောက်ဖြူ | ၅ ဒသမ ဝ၈ လက်မ |
| အမ်း | ၄ ဒသမ ၈၈ လက်မ |
| ကျုံပျော် | ၃ ဒသမ ၉၈ လက်မ |
| ပေါင် | ၃ ဒသမ ၆၂ လက်မ |
| ကျိုက္ကမီ | ၃ ဒသမ ၃၅ လက်မ |
| စစ်တွေ | ၃ ဒသမ ၃၁ လက်မ |

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့ ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာ အညွှန်း

အင်တာလူကင် ၁၁ ပရိုတိန်းကို ဖြတ်တောက်လိုက်လျှင် အသက်ကို ၂၅ ရာခိုင်နှုန်းပို၍ ရှည်လာနိုင်သည်ဟုဆို

စာမျက်နှာ ၇

ကောင်းမြတ်သောဆရာ လိမ္မာသောတပည့် (ဆောင်းပါး)

စာမျက်နှာ ၁၇

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁ ရက်၊ ကြာသပတေးနေ့။

မန္တလေး နေ့စဉ်

## နှမ်းသီးနှံဆိုင်ရာ သုတေသနစမ်းသပ်ကွက်များဖြင့် ဆောင်ရွက်လျက်ရှိ

နိုင်ငံတစ်ဝန်း၌ ရာသီဆီထွက်သီးနှံများကို နှစ်စဉ်ဧက ရှစ်သန်းကျော်စိုက်ပျိုးလျက်ရှိရာ နှမ်းသီးနှံဧက လေးသန်းနီးပါးစိုက်ပျိုးလျက်ရှိသဖြင့် ဆီထွက်သီးနှံများအနက် အများဆုံးစိုက်ပျိုးထုတ်လုပ်သည့် သီးနှံတစ်ခုဖြစ်သည်။

နှမ်းသီးနှံစိုက်ပျိုးရန် တစ်ဧကအတွက် အသုံးပြုရသည့် မျိုးစေ့ပမာဏ နှစ်ပြည်သာ အသုံးပြုရပြီး မျိုးစေ့နှုန်းထားအနည်းဆုံးဖြစ်သည့်အပြင် နှမ်းတစ်တင်းမှ ဆီခြောက်ပိဿာထွက်ရှိသဖြင့် ဆီပါဝင်မှုရာခိုင်နှုန်းအများဆုံးဖြစ်ကြောင်း၊ စားသုံးဆီထုတ်လုပ်ခြင်းအပြင် မြန်မာ့ရိုးရာမုန့်ပဲသရေစာအမျိုးမျိုးတွင် အသုံးများပြီး ပြည်ပဈေးကွက်လည်းရှိနေခြင်းကြောင့် ဆီထွက်သီးနှံများထဲတွင် စိုက်ပျိုးရန် အသင့်တော်ဆုံးသီးနှံဖြစ်ကြောင်း၊ ထို့ကြောင့် နှမ်းသီးနှံအများဆုံး စိုက်ပျိုးကြသည့် ဒေသများဖြစ်သော မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ရှိ မြို့နယ် ၁၂ မြို့နယ်မှ တောင်သူများကို ဦးစားပေးဖိတ်ခေါ်၍ ယခုသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ချောင်းမကြီးမျိုးသန့်ခြံ၌ ကျင်းပသည့် မဲခေါင်-လန်ချန်း အထူးရန်ပုံငွေ အထောက်အပံ့ဖြင့် ဆောင်ရွက်သည့် နှမ်းမျိုးစေ့ထုတ်လုပ်ခြင်းနှင့် မျိုးစေ့အရည်အသွေးထိန်းသိမ်းခြင်းသင်တန်းဖွင့်ပွဲ အခမ်းအနား၌ ပြောကြားခဲ့သည်။

ပြည်တွင်း စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် တစ်ဧကအထွက်နှုန်း တိုးတက်ထွက်ရှိစေရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မြေပဲတစ်ဧကကျပ်သုံးသိန်းနှုန်း၊ နေကြာတစ်ဧက ကျပ် နှစ်သိန်းနှုန်း၊ နှမ်းတစ်ဧက ကျပ်တစ်သိန်းခွဲနှုန်းနှင့် ညီမျှသော သွင်းအားစုများထုတ်ပေးပြီး ဆီစက်လုပ်ငန်းရှင်များက သီးနှံများ ပြန်လည်ဝယ်ယူသည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် နှမ်းသီးနှံဆိုင်ရာ သုတေသနစမ်းသပ်ကွက်များ၊ တောင်သူကွင်းသရုပ်ပြပွဲများကို ကျောက်ဆည်၊ ချောင်းမကြီးမျိုးသန့်ခြံ၊ မလှိုင်မျိုးသန့်ခြံနှင့် နတ်မောက်မြို့နယ်တို့တွင် ဆောင်ရွက်ပေးခဲ့သည်။

မဲခေါင်-လန်ချန်း အထူးရန်ပုံငွေအထောက်အပံ့ဖြင့် ဆောင်ရွက်သည့် စီမံကိန်း၏ လုပ်ငန်းစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်နှင့် မျိုးသန့်ခြံနှစ်ခြံတွင် နှမ်းသီးနှံဆိုင်ရာ သုတေသနစမ်းသပ်ကွက်များကို ရာသီအလိုက်ဆောင်ရွက်နိုင်ခဲ့ကြောင်း ရေးသားလိုက်ရပေသည်။



## ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဇူလိုင် ၃၁**

၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်ရှိ နယ်လုံးဆိုင်ရာ ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် အောင်မြေသာစံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၂)ဦးဇော်လင်းဦးက အဖွင့်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးအရာရှိ ဦးသိန်းလွင်က သန်းခေါင်စာရင်းဆိုင်ရာ သိကောင်းစရာများအကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်ဦးစီးအရာရှိက ပြန်လည်ရှင်းလင်းဖြေကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက တက်ရောက်လာသူများအား "ပြည်လုံးကျွတ်သန်းခေါင်စာရင်း ၂၀၂၄" လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။

အဆိုပါ ဟောပြောပွဲအခမ်းအနားသို့ အောင်မြေသာစံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၂) ဦးဇော်လင်းဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးအရာရှိ ဦးသိန်းလွင်နှင့် ဝန်ထမ်းများ၊ ဒေါနဘွားရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးရဲညွန့်အောင်နှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်း(၁၂၀)ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၀၃၇)

## မိတ္ထီလာပညာရေးဒီဂရီကောလိပ်၌ ပညာရေးဖွံ့ဖြိုးမှုဘာသာရပ်များ စွမ်းရည်ပြိုင်ပွဲ ကျင်းပ

**မိတ္ထီလာ ဇူလိုင် ၃၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာပညာရေးဒီဂရီကောလိပ် လုပ်ငန်းခွင်အကြို မူလတန်းဆရာ အတတ်ပညာသင်တန်းအမှတ်စဉ် (၁၁/၂၄)၏ ပညာရေးဖွံ့ဖြိုးမှု ဘာသာရပ်များ စွမ်းရည်ပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက အဆိုပါ ပညာရေးဒီဂရီကောလိပ် ပညာပါရမီခန်းမ၌ ကျင်းပသည်။

အဆိုပါ စွမ်းရည်ပြိုင်ပွဲ မကျင်းပမီ မိတ္ထီလာပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါ်စုလတ်ထွေးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲဘာသာရပ်များအလိုက် စည်းကမ်းချက်များကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲကို စတင်ကျင်းပသည်။ အဆိုပါပြိုင်ပွဲတွင် ပိုက်ဆံအိတ်ပြုလုပ်ခြင်းပြိုင်ပွဲ၊ ငါးထမင်းချက်ပြုတ်နည်းပြိုင်ပွဲ၊ ကျောက်ကျောထိုးပြိုင်ပွဲ၊ Smocking ထိုးနည်းပြိုင်ပွဲ၊ စားပွဲတင်ပန်းအိုး ပန်းအလှထိုးနည်းပြိုင်ပွဲ၊ ပန်းအလှပင်နှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းပြိုင်ပွဲ၊ စွန့်ပစ်ပစ္စည်းအသုံးပြု၍ တီထွင်ဖန်တီးပန်းချီရေးဆွဲပြိုင်ပွဲ၊ သင်ရိုးဝင်ကဗျာရွတ်ဆိုတီးမှုတ်ပြိုင်ပွဲ၊ မြန်မာ့ရိုးရာကဗျာလွတ်အကပြိုင်ပွဲ၊ တေးသီချင်းသီဆိုပြိုင်ပွဲနှင့် အိန္ဒိယတင်းပုတ်အားကစားနည်းပြိုင်ပွဲများကို ထည့်သွင်းကျင်းပရာ ဘာသာရပ်ကိုယ်စားပြု သင်တန်းသူ၊ သင်တန်းသား၊ ဆရာ၊ ဆရာမများက ပြိုင်ပွဲဘာသာရပ်များအလိုက် ပါဝင်ယှဉ်ပြိုင်ကြရာ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးအကဲဖြတ်အမှတ်ပေးကြသည်။

**(အောက်ပုံ)**

အဆိုပါ စွမ်းရည်ပြိုင်ပွဲတွင် ပြိုင်ပွဲဘာသာရပ်များအလိုက် ဆုရရှိကြသူများကို ဩဂုတ် ၂ ရက်တွင် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(၄၅၃)



## စာသင်ကျောင်းဆောင်အသစ်(၁)ဆောင် ဆောက်လုပ်ပေးနိုင်ရေး ကွင်းဆင်းစစ်ဆေး

**မန္တလေး ဇူလိုင် ၃၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး(၂၀၂၄-၂၀၂၅) ဘဏ္ဍာနှစ်၌ အမှတ်(၁၆)အခြေခံပညာမူလတန်းကျောင်းတွင် စာသင်ကျောင်းဆောင်အသစ်(၁)ဆောင် ဆောက်လုပ်ပေးနိုင်ရေး မြို့နယ်ပညာရေးမှူး ဦးအေးလင်းနှင့် တာဝန်ရှိသူများက ယမန်နေ့ မွန်းလွဲပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။



အဆိုပါ ကျောင်းဆောင်သစ်အား နိုင်ငံတော်ခွင့်ပြုရန်ပုံငွေ (၅၅၉ ဒသမ ၁၈၃)သန်းကျပ်ဖြင့် ဆောက်လုပ်ပေးခြင်းဖြစ်ကြောင်းနှင့် အမှတ်(၁၆)အခြေခံပညာမူလတန်းကျောင်းသည် တံတားလည်ရပ်ကွက်တွင် တည်ရှိပြီး (၂ ဒသမ ၃၀)ဧက ကျယ်ဝန်းကြောင်း၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် KG တန်း၌ ကျောင်းသား၊ ကျောင်းသူ (၁၈)ဦး၊ Grade-1 (၁၈)ဦး၊ Grade-2 (၂၀)ဦး၊ Grade-3 (၄၀)ဦး၊ Grade-4 (၂၄)ဦး၊ Grade-5 (၁၈)ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ (၁၃၈)ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၅)

### သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynew-spaper @gmail.com မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

☆ ရှေ့ဖုံးမှ

ဦးစွာ ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို သက်တမ်းတိုးတာဝန်ယူခဲ့သည့် ခြောက်လတာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ယာယီသမ္မတတာဝန်ဝတ္တရားများ လွှဲပြောင်းခြင်းဆိုင်ရာကိစ္စကို ဦးစွာပြောကြားလိုကြောင်း၊ ယာယီသမ္မတ ဦးမြင့်ဆွေအနေဖြင့် အာရုံကြောအားနည်းမှုခံစားရသောကြောင့် ၂၀၂၃ ခုနှစ် နှစ်ဆန်းပိုင်းမှစပြီး အထူးကုပါရဂူကြီးများပါဝင်သည့် ဆေးကုသမှုအဖွဲ့ဖြင့် ဆေးကုသမှုခံယူခဲ့ကြောင်း၊ အလားတူ ဝဲ၊ ယာမျက်စိများ၌ ဖြစ်ပွားလျက်ရှိသည့် အတွင်းတိမ်များကို ခွဲစိတ်ကုသခဲ့ရာ အမြင်အာရုံပြန်လည်ကောင်းမွန်လာခဲ့သော်လည်း အာရုံကြောအားနည်းရောဂါကို ဆက်လက်ခံစားနေရကြောင်း၊ ကျန်းမာရေးစစ်ဆေးမှုကို ပြုလုပ်ခဲ့သည့်အခါ ကျန်းမာရေးအခြေအနေသည် တိုးတက်ကောင်းမွန်လာခြင်းမရှိသေးဘဲ အစားအသောက်စားသုံးခြင်း အပါအဝင် နေ့စဉ်ပုံမှန်သွားလာလှုပ်ရှားမှုကို လုပ်ဆောင်နိုင်မှုမရှိသေးသည့်အတွက် ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၂၂ ရက် ၁၁ နာရီခွဲတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုင်ရာလုပ်ငန်းများ လုပ်ဆောင်ရန်အလို့ငှာ တာဝန်လွှဲပြောင်းခြင်း ပြုလုပ်ခဲ့သည်ကို တင်ပြအပ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၇ အရ အရေးပေါ်အခြေအနေကြေညာမှု၊ ပုဒ်မ ၄၁၂ အရ အရေးပေါ်အခြေအနေကြေညာမှု ယင်းနှစ်ခုကို ဆက်စပ်ကြည့်မည်ဆိုပါက အရေးပေါ်ကာလမပြီးမြောက်သေး

**☆ ရွေးကောက်ပွဲကျင်းပရေးသည် မိမိတို့အစိုးရ၏ မည်သည့်အခါမျှ မပြောင်းလဲသော ရည်မှန်းချက်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲ တစ်ရပ် ကျင်းပနိုင်ရေး ပြင်ဆင်မှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မိမိအနေဖြင့် ချမှတ်ထားသည့် ရည်မှန်းချက်အတိုင်း အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်သည်ကို ထပ်လောင်းအတည်ပြုပြောကြားလို**

**☆ တပ်မတော်သည် ပြည်သူလူထုမှ ပေါက်ဖွားလာသော ပြည်သူ့တပ်မတော် ဖြစ်ပြီး နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ ပြည်သူ့အသက် အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန်၊ နိုင်ငံတော်ကိုကာကွယ်ရန် အစွမ်းကုန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ပြည်သူ့အတွက်၊ နိုင်ငံ အတွက် ဦးထိပ်ထားဆောင်ရွက်ခြင်းသည် တရားသောစစ်ကို ဆင်နွှဲနေ ခြင်းဖြစ်**

သည့် ကာလအတွင်း၌ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီတွင်ပါဝင်သည့် ပုဂ္ဂိုလ်အချို့ လစ်လပ်သွားစေကာမူ ကျန်ရှိသည့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကပေးထားသည့် တာဝန်များကို မလွဲမသွေ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယာယီသမ္မတ၏ ကျန်းမာရေးအခြေအနေအရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးကို ယာယီသမ္မတ မတက်ရောက်နိုင်သည်ဖြစ်စေ၊ အကြောင်းအမျိုးမျိုးကြောင့် **ယာယီသမ္မတလစ်လပ်သွားပါက ပုဒ်မ ၄၁၂(ခ)နှင့် ပုဒ်မ ၄၁၈(ခ) တွင်ပါရှိသည့် အခြေခံဥပဒေ၏ သဘောတရားများအရ နိုင်ငံတော်၏ကိစ္စရပ်များကို အဓိကအဆုံးအဖြတ်ပေးရသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးကို ဦးဆောင်ရန်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရလည်း နိုင်ငံတော်၏ အုပ်ချုပ်ရေးအာဏာကို နိုင်ငံတော်သမ္မတကိုယ်စား**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဆွေးနွေးတင်ပြစဉ်။

**ကျင့်သုံးဆောင်ရွက်လျက်ရှိမှုသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သာဖြစ်ကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်၏အုပ်ချုပ်ရေးအာဏာကို သမ္မတကိုယ်စား လက်တွေ့ကျင့်သုံးဆောင်ရွက်နေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို လွှဲပြောင်းခဲ့ခြင်းဖြစ်ကြောင်း။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ကို တစိုက်မတ်မတ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ့တာဝန်ကို စတင်တာဝန်ယူချိန်ကတည်းက မဲမသမာမှုများအတွက် ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ်များရှိမဲစာရင်းများကို အသေးစိတ်စစ်ဆေးခဲ့ကြောင်း၊ မဲမသမာမှုပြုလုပ်ခဲ့သူ တာဝန်ရှိသူများသည် ဝန်ခံခြင်းမပြုသော်လည်း သက်သေများနှင့် စစ်မေးသည့်အခါ ပေါ်လွင်ထင်ရှားသည်ကို တွေ့ရှိသောကြောင့် စစ်ဆေးတွေ့ရှိသည့် မဲမသမာမှုဆိုင်ရာ တွေ့ရှိချက်များကိုထုတ်ပြန်ခဲ့ပြီး တာဝန်ရှိသူများကိုလည်း ဥပဒေအတိုင်း အရေးယူခဲ့ကြောင်း၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်ဆောင်ရွက်ခဲ့ပြီး မူလရည်ရွယ်ချက်သည် အရေးပေါ်ကာလ(၂)နှစ်ပြီးပါက ရွေးကောက်ပွဲကျင်းပပေးရန်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပရန် မည်သို့မျှအခြေအနေမပေးသောကြောင့် သက်တမ်းကာလ(၂)နှစ်ပြည့်ပြီးနောက် အရေးပေါ်အခြေအနေ ထပ်မံကြေညာခဲ့ရကြောင်း၊ အချိန်အခါနှင့် ကိုက်ညီသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ပြင်ဆင်ချမှတ်ခဲ့ကြောင်း၊



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆွေးနွေးတင်ပြစဉ်။

ပြင်ဆင်ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၏ နောက်ဆုံးအချက်သည်လည်း ရွေးကောက်ပွဲကျင်းပရေးပင်ဖြစ်ကြောင်း၊ **ရွေးကောက်ပွဲကျင်းပရေးသည် မိမိတို့အစိုးရ၏ မည်သည့်အခါမျှမပြောင်းလဲသော ရည်မှန်းချက်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲတစ်ရပ်ကျင်းပနိုင်ရေး ပြင်ဆင်မှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မိမိအနေဖြင့် ချမှတ်ထားသည့် ရည်မှန်းချက်အတိုင်း အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်သည်ကို ထပ်လောင်းအတည်ပြုပြောကြားလိုကြောင်း။**

### တိုင်းပြည်သာယာဝပြောရေးနှင့် ပတ်သက်သည့်လုံခြုံရေးကဏ္ဍ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရယူပြီးသည့်နောက်ပိုင်း တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးလမ်းကြောင်းကို ဦးတည်ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း၊ သို့သော်လည်း NUG၊ CRPH၊ PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ပြည်သူများကို အကြောက်တရားလွှမ်းမိုးလာစေရေး အကြမ်းဖက်လုပ်ရပ်များကို တရားလက်လွတ် ဥပဒေမဲ့ ယခုအချိန်ကာလအထိ လုပ်ဆောင်လျက်ရှိကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်အထိ နိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ရဟန်း/သံဃာ ၈၄ ပါး ပျံလွန်တော်မူခဲ့ပြီး အပြစ်မဲ့ပြည်သူ/နိုင်ငံ့ဝန်ထမ်း ၇၂၈၄ ဦး သေဆုံးခဲ့ရကြောင်း၊ ပညာရေး/ကျန်းမာရေးနှင့် လူနေအဆောက်အအုံအပါအဝင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံ ၁၀၉၃၀ တို့ကို ဖျက်ဆီးခြင်းခံခဲ့ရပြီးဖြစ်ကြောင်း၊ ထို့အပြင် ငြိမ်းချမ်းရေးကိုမလိုလားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့ အနေဖြင့်လည်း လက်နက်ကိုင်အကြမ်းဖက်သည့်လမ်းစဉ်ကို အခြေခံပြီး နိုင်ငံတည်ငြိမ်အေးချမ်းမှု ပျက်ယွင်းအောင် နည်းလမ်းမျိုးစုံဖြင့် ဆက်လက်ပြုလုပ်နေကြောင်း၊ မိမိအနေဖြင့် EAO အဖွဲ့များကို ခေါ်ယူတွေ့ဆုံခဲ့ရာတွင် ၎င်းတို့အနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို လက်ခံသဘောတူကြောင်းကို ပြောကြားခဲ့ကြောင်း၊ သို့သော် ယခုအချိန်တွင် အချို့ EAO များအနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ချိုးဖောက်နေသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကာကွယ်ရေး၊ အထူးသဖြင့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိကြောင်း၊ မိမိအနေဖြင့် ယခင်ကတည်းက ပြဋ္ဌာန်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာတည်စေခဲ့ပြီး နိုင်ငံတော်၏လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို အမြန်ဆုံးပြန်လည်တည်ဆောက်နိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းပေါ်တွင် ခိုင်မာစွာလျှောက်လှမ်းနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်နေသော်လည်း အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံရေးကိစ္စကို အကြောင်းပြပြီး လက်နက်ကိုင်အကြမ်းဖက်သည့် နည်းလမ်းများနှင့် ဖြေရှင်းဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း၊ ၎င်းတို့အနေဖြင့် ပြည်ထောင်စုနှင့်အတူ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပါဝင်လျှောက်လှမ်းရေးထက် နယ်မြေအလိုက်အာဏာရရှိရေး ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ မြန်မာ့နိုင်ငံရေးသမိုင်းတွင် အကြမ်းဖက်လမ်းစဉ်ကျင့်သုံးပြီး အကျပ်ကိုင်တောင်းဆိုခဲ့သည့် ဖြစ်စဉ်များရှိခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ကြသကဲ့သို့ မည်သူတစ်ဦးတစ်ယောက်အတွက်မျှ အကျိုးအမြတ်မရရှိခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် MNDAA အဖွဲ့နှင့် TNLA အဖွဲ့တို့က ဒေသတည်ငြိမ်အေးချမ်းရေးအတွက် နှစ်ဖက်သဘောတူထားသည့် ယာယီအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ချိုးဖောက်ပြီး တိုက်ပွဲများ ဖော်ဆောင်လာခဲ့ကြောင်း၊ MNDAA အဖွဲ့အနေဖြင့် လားရှိုးဒေသတစ်ဝိုက်ရှိ နယ်မြေလုံခြုံရေးစခန်းများကို တိုက်ခိုက်ခဲ့သကဲ့သို့ လားရှိုးမြို့အတွင်းကိုလည်း ရှော့တိုက်ဒုံးများဖြင့် နေ့စဉ်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင်လည်း မြို့တွင်းသို့စိမ့်ဝင်ပြီး ပြည်သူ့အသက်အိုးအိမ်စည်းစိမ်များကို ဖျက်ဆီးလျက်ရှိကြောင်း၊ ၎င်းတို့နှင့် မဟာမိတ်ပြုလုပ်ထားသည့် TNLA အဖွဲ့အနေဖြင့်လည်း PDF အမည်ခံအကြမ်းဖက်အဖွဲ့များနှင့် ပူးပေါင်းပြီး နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ မိုးကုတ်ဒေသတို့တွင်ရှိသည့် နယ်မြေလုံခြုံရေးစခန်းများနှင့် မြို့အချို့အတွင်းသို့ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ယခုကဲ့သို့ အကြမ်းဖက်တိုက်ခိုက်လာသည့်အတွက် ဒေသမတည်မငြိမ်ဖြစ်ခဲ့ရပြီး ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများသာမက အသက်အန္တရာယ်ပါ ထိခိုက်ဆုံးရှုံးမှုများစွာရှိခဲ့ကြောင်း၊ အကြောင်းအမျိုးမျိုး၊ ခေါင်းစဉ်အမျိုးမျိုးပြပြီး အေးချမ်းစွာနေထိုင်နေကြသည့် အပြစ်မဲ့ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်အပေါ် နေ့စဉ်နှင့်အမျှ ခြိမ်းခြောက်လာမှုကို ပြည်သူလူထုအနေဖြင့် အလွန်ရုံရှာစက်ဆုပ်နေသည်ကိုလည်း တွေ့ရှိရကြောင်း၊ **တပ်မတော်သည် ပြည်သူလူထုမှ ပေါက်ဖွားလာသော ပြည်သူ့တပ်မတော်ဖြစ်ပြီး နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ ပြည်သူ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန်၊ နိုင်ငံတော်ကိုကာကွယ်ရန် အစွမ်းကုန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ပြည်သူ့အတွက်၊ နိုင်ငံအတွက် ဦးထိပ်ထားဆောင်ရွက်ခြင်းသည် တရားသောစစ်ကို ဆင်နွှဲနေခြင်းဖြစ်ကြောင်း၊** တပ်မတော်၏ တရားသောစစ်ဆင်နွှဲနေသည့်အပေါ်တွင် ဝန်းရံထောက်ခံအားပေးနေသည့် မျိုးချစ်လူငယ်များ၊ အဖွဲ့အစည်းများ၊ စစ်မှုထမ်းဟောင်းများနှင့် တိုင်းရင်းသားပြည်သူလူထုအပေါ် ဂုဏ်ယူပါကြောင်း ပြောကြားလိုကြောင်း၊ အမိနိုင်ငံတော်အပေါ် ရည်ရွယ်ချက်ရှိရှိ ထိခိုက်အောင် ဆောင်ရွက်လာသည့် သောင်းကျန်းသူအဖျက်သမားများအပေါ် ပြင်းပြသည့်၊ စုစည်းညီညွတ်သည့် အမျိုးသားရေးစိတ်၊ မြန်မာစိတ်တို့မွေးမြူပြီး နိုင်ငံတော်ကို စုပေါင်းကာကွယ်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ တပ်မတော်အနေဖြင့် လားရှိုး၊ နောင်ချို၊ ကျောက်မဲ၊ သီပေါနှင့် မိုးကုတ်ဒေသများ တည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ **နယ်စပ်ဒေသစီမံခန့်ခွဲရေးကိစ္စရပ်များသည် နှစ်နိုင်ငံအစိုးရများမှ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးကို နှစ်ဖက်အစိုးရဌာနများကသာ ကြီးကြပ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အချို့နယ်စပ်ဒေသများတွင် စီမံခန့်ခွဲမှုများ ချို့ယွင်းမှုဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် ပုံမှန်အခြေအနေသို့ ရောက်ရှိအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း။**

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

မိမိတို့အနေဖြင့် ပြည်ထောင်စုကြီး ထာဝရ ငြိမ်းချမ်းရေးရရှိရေးနှင့်ပတ်သက်ပြီး နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပြီး နှစ်ဖက်ဆွေးနွေးချက်များမှ ရရှိလာသည့် သဘောထားမှတ်ချက်များကို Union Accord အဖြစ် မှတ်တမ်းတင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဆက်လက်ပြီးတော့လည်း တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ **လက်နက်ကိုင်ပဋိပက္ခ သက်ဆိုးရှည်ရေးနှင့် မြန်မာနိုင်ငံအပေါ် ၎င်းတို့လိုချင်သည့် လက္ခဏာမျိုးရရှိစေရန် ပြည်ပနိုင်ငံအချို့သည် လက်နက်ကိုင်သောင်းကျန်းသူများ၊ နိုင်ငံရေးသဘောထားကွဲလွဲသူများမှ အကြမ်းဖက်လမ်းစဉ်ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများကို ငွေကြေးရရှိအောင်၊ အစားအသောက်ရရှိအောင်၊ ဆေးဝါးရရှိအောင်၊ လက်နက်ခဲယမ်း မီးကျောက်ရရှိအောင်၊ နည်းပညာများရရှိအောင်၊ အုပ်ချုပ်ထောက်ပံ့မှုအခွင့်အလမ်းများ ရရှိအောင် လုပ်ဆောင်လျက်ရှိပြီး ပြည်ဖျက်မီဒီယာများကိုလည်း စိတ်ဓာတ်စစ်ဆင်ရေး လုပ်နိုင်အောင် ကူညီပေးလျက်ရှိကြောင်း။**

**စီးပွားရေးကဏ္ဍ**

နိုင်ငံ့စီးပွားမြင့်မားရေး ဆောင်ရွက်ရာတွင်လည်း ကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်နိုင်မှသာ နိုင်ငံ၏ GDP များ တိုးတက်လာမည်ဖြစ်သည့်အတွက် စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများတိုးတက်ရေး ကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိကြောင်း၊ အခြေခံကုန်ထုတ်လုပ်မှုမရှိဘဲ GDP တက်လာရန် မဖြစ်နိုင်ကြောင်း၊ မိမိတို့တာဝန်ယူသည့်အချိန်က ကိုဗစ်-၁၉ ပြင်းထန်စွာဖြစ်ပွားနေပြီး စီးပွားရေး ကျဆင်းနေသည့်ကာလဖြစ်ကြောင်း၊ ၂၀၂၀-၂၀၂၁ ခုနှစ် GDP တိုးတက်မှုသည် အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းရှိရာမှ ရှိထားသည့် အခြေခံစီးပွားရေး

**☆ လက်နက်ကိုင်ပဋိပက္ခ သက်ဆိုးရှည်ရေးနှင့် မြန်မာနိုင်ငံအပေါ် ၎င်းတို့လိုချင်သည့် လက္ခဏာမျိုးရရှိစေရန် ပြည်ပနိုင်ငံအချို့သည် လက်နက်ကိုင်သောင်းကျန်းသူများ၊ နိုင်ငံရေး သဘောထားကွဲလွဲသူများမှ အကြမ်းဖက်လမ်းစဉ်ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများကို ငွေကြေးရရှိအောင်၊ အစားအသောက်ရရှိအောင်၊ ဆေးဝါးရရှိအောင်၊ လက်နက်ခဲယမ်းမီးကျောက်ရရှိအောင်၊ နည်းပညာများရရှိအောင်၊ အုပ်ချုပ်ထောက်ပံ့မှုအခွင့်အလမ်းများ ရရှိအောင် လုပ်ဆောင်လျက်ရှိပြီး ပြည်ဖျက်မီဒီယာများကိုလည်း စိတ်ဓာတ်စစ်ဆင်ရေး လုပ်နိုင်အောင် ကူညီပေးလျက်ရှိ**

ဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထား အားသွန်ခွန်စိုက်ဆောင်ရွက်မှုကြောင့် ၂၀၂၁-၂၀၂၂ ခုနှစ် ခြောက်လတာတွင် အပေါင်း ၂ ဒသမ ၄ ရာခိုင်နှုန်း ရရှိခဲ့ကြောင်း၊ ၈ ဒသမ ၃ ရာခိုင်နှုန်းမျှ တက်လာခြင်းဖြစ်ကြောင်း၊ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ၃ ဒသမ ၄ ရာခိုင်နှုန်းနှင့် ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ၃ ဒသမ ၅ ရာခိုင်နှုန်း စီးပွားရေးတိုးတက်မှုရခဲ့ကြောင်း၊ ယခု ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ၃ ဒသမ ၈ ရာခိုင်နှုန်းအထိ တိုးတက်အောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ နိုင်ငံ့စီးပွားရေး ကျဆင်းပါက ကျန်သည့်အကျိုးဆက်များလည်း ရှိလာမည်ဖြစ်သဖြင့် **ပြည်ပနိုင်ငံအချို့သည် စီးပွားရေးပိတ်ဆို့ခြင်း၊ ဘဏ်များလုပ်ကိုင်နိုင်မှုမရှိအောင် ပိတ်ဆို့ခြင်း၊ နယ်စပ်ကုန်သွယ်ရေးမပြုလုပ်နိုင်အောင် နည်းလမ်းပေါင်းစုံဖြင့် ပြုလုပ်ခြင်း၊ ၎င်းတို့အကျိုးအမြတ်ရရှိရေး၊ လက်ဝါးကြီးအုပ်ဆောင်ရွက်နိုင်ရေးအတွက် နယ်စပ်ဒေသရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို နည်းလမ်းပေါင်းစုံနှင့် အားပေးကူညီခြင်းများ ပြုလုပ်နေသည်ကိုတွေ့ရှိရကြောင်း၊** ထို့ကြောင့် အခြေခိုင်ပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှ ထုတ်ကုန်များ ထုတ်လုပ်မှုမြင့်မားစေရေး အဓိကတွန်းအားပေး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းများကို အားပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးတောင်သူအားလုံးကို အထူးကျေးဇူးတင်ကြောင်း ပြောကြားလိုကြောင်း။

ပြီးခဲ့သည့်ဧပြီလအတွင်း မသမာသူဝိသမစီးပွားရေးသမားများအနေဖြင့် ငွေကြေးတန်ဖိုး ကမောက်ကမဖြစ်စေရန် ဆောင်ရွက်ခဲ့သောကြောင့် ရွှေဈေးနှင့် ငွေကြေးဈေးနှုန်းများ သဘာဝမကျဘဲ အဆမတန်ပြောင်းလဲလာအောင်ဆောင်ရွက်ခြင်း၊ စီးပွားရေးအရ အရေးယူပိတ်ဆို့မှုများလုပ်ဆောင်ခြင်း၊ ဘဏ်စနစ်များ ထိခိုက်ပြိုလဲအောင် လုပ်ဆောင်ခြင်း၊ ငွေကြေးများ ကမောက်ကမဖြစ်အောင် လုပ်ဆောင်ခြင်းများကို ဆောင်ရွက်ခဲ့သည်ကိုတွေ့ရှိရသောကြောင့် လိုအပ်သည့်စည်းကမ်းဥပဒေနှင့်အညီ စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ **ငွေကြေးတန်ဖိုးတက်ခြင်း၊ ကျခြင်းထက် ငွေကြေးခိုင်မာမှုရှိစေရန် လိုအပ်သောကြောင့် ငွေကြေးခိုင်မာမှုရှိအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။**

မိမိတို့တာဝန်ထမ်းဆောင်ခဲ့သည့်ကာလအတွင်း နိုင်ငံတော်တွင် စားသုံးဆီနှင့် စက်သုံးဆီကိစ္စများနှင့် ပတ်သက်ပြီး ပြည်သူလူထုက စိုးရိမ်စိတ်မြင့်မားအောင်ဝိသမလောဘသားများကကောလာဟလများ ဖြန့်ပြီး လုပ်ဆောင်ခဲ့သည့် ဖြစ်စဉ်များစွာ ရှိခဲ့သဖြင့် မိမိတို့အနေဖြင့် မှန်ကန်သည့်လုပ်ဆောင်ချက်များ၊ တိကျပြတ်သားသည့် မူများချမှတ်ပေးပြီး ပြည်သူလူထုအဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဆန်နှင့်ပတ်သက်၍လည်း ဈေးနှုန်းကမောက်ကမဖြစ်လာနိုင်ဖွယ်ရှိသည်ကို သုံးသပ်တွေ့ရှိရသည့်အတွက် လိုအပ်သောစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီး ဆန်ဈေးနှုန်းတည်ငြိမ်စေရန် ဆောင်ရွက်ခဲ့ကြောင်း၊ အခြေခံပြည်သူလူထု စားရေးကိစ္စအဆင်ပြေစေရန် မိသားစုအလိုက် လိုအပ်နိုင်မည့်ဆန်ပမာဏများကို နိုင်ငံတစ်ဝန်း ရောင်းချပေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့်နိုင်ငံရေးသည် စီးပွားရေးပင်ဖြစ်သည်ဟု ခံယူပြီး ပြည်သူများ စားဝတ်နေရေး ပြေလည်မှုမှ တစ်ဆင့် လူနေမှုအဆင့်အတန်းမြင့်မားလာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် အဓိကရည်မှန်းချက်ထားပြီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

**လူမှုရေးကဏ္ဍ**

နိုင်ငံတစ်ခု ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍသည် အရေးကြီးကြောင်း၊ ထို့ကြောင့် ပညာရေးနှင့် ပတ်သက်ပြီး ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး၊ KG+9 အထိ မသင်မနေရသင်ကြားနိုင်ရေးတို့အတွက် သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ KG+9 ပြီးမြောက်ပါက KG+10 မှ KG+12 အထိ သုံးနှစ်တာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုဘာသာရပ်များ ဆက်လက်သင်ကြားနိုင်ပါက အခြေခံအလုပ်အကိုင်ကို ရရှိစေမည်ဖြစ်သကဲ့သို့ ဆက်လက်ပညာသင်နိုင်ပါက ကိုက်ညီသည့် ဒီပလိုမာ/ဘွဲ့များ ရရှိမည်ဖြစ်သည့်အတွက် ကုန်ထုတ်လုပ်မှု ကျွမ်းကျင်သောလူသားအရင်းအမြစ်များရမည်ဖြစ်ကြောင်း၊ **စနစ်သစ်ပညာရေးအရ KG+12 အတန်းကိုရောက်ပါက အသက်အရွယ်အားဖြင့် အသက် ၁၇ နှစ်၊ ၁၈ နှစ်ဝန်းကျင် ရောက်ရှိသည့်အရွယ်ဖြစ်ကြောင်း၊ ၁၈ နှစ်ဆိုပါက ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့်အရွယ်ဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်မည်ဆိုပါက ဥပဒေကိုနားလည်ရန်လိုကြောင်း၊ ထို့ကြောင့် အဆိုပါအတန်း၊ အဆိုပါအရွယ်ကတည်းက ဥပဒေဗဟုသုတများကြွယ်ဝနေစေရေး ဆွေးနွေးသင်ကြား ဆောင်ရွက်ရန်လိုကြောင်း။**

ယခုပညာသင်နှစ်တွင် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပျမ်းမျှ ၇၀ ရာခိုင်နှုန်းခန့် ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ အခြေခံပညာအဆင့် ကျောင်းတက်ရောက်မှုအနေဖြင့် မူလစာရင်းသွင်းထားသူများအနက်မှ ၉၂ ရာခိုင်နှုန်းကျော်ရှိသည့်အတွက် ရာနှုန်းပြည့်ကျောင်းတက်နိုင်ရေးနှင့် ကျောင်းများဖွင့်လှစ်နိုင်ရေး တာဝန်ရှိသူများနှင့် လက်တွဲပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ လူဦးရေအသက်ပိုင်းခြားအရ ယခုထက်ပိုပြီး ကျောင်းတက်ရောက်သူဦးရေများရန် လိုအပ်မှုများရှိနေသေးကြောင်း၊ စာသင်ကျောင်းများဖွင့်လှစ်သည့် ဒေသများအားလုံးတွင် ကျောင်းနေအရွယ်ကလေးများ ကျောင်းတက်နိုင်ရေးနှင့် ပညာရေးလမ်းကြောင်းပေါ်ကို ရောက်ရှိရေး ဦးစားပေးဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

၂၀၂၃ ခုနှစ်မှစပြီး ပညာရေးညီလာခံကို ကျင်းပခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း ပြီးခဲ့သည့်လက ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ပညာရေးညီလာခံများမှရရှိသည့် ဖော်ထုတ်ချက်များကို မြန်မာနိုင်ငံပညာရေးကဏ္ဍ မြင့်မားရေးအတွက် အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ **နိုင်ငံတစ်နိုင်ငံ၏အနာဂတ်သည် ပညာရေးအပေါ်တွင်အခြေခံခြင်းကြောင့် ပညာရေးအဆင့်တိုးတက်လာရန် ပညာရေးဝန်ထမ်းများအပြင် ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့်အုပ်ချုပ်သူအဖွဲ့အစည်းများကပါ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ "အမျိုးသား စည်းကမ်းအစ စာသင်ကျောင်းက"** ဟု ဆိုသည့်အတိုင်း ကျောင်းစည်းကမ်းလိုက်နာခြင်းမှစပြီး ဥပဒေစည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာတတ်သည့်၊ နိုင်ငံကြီးသားကောင်းပီသသည့် အလေ့အကျင့်ကောင်းများ ကိန်းအောင်းလာအောင် သင်ကြားလေ့ကျင့်ပေးရန်လိုကြောင်း။

ကျန်းမာရေးကဏ္ဍမြှင့်တင်မှုနှင့် ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း ယခုထက်ပိုမိုမြင့်မားလာစေရေး ယခုဘဏ္ဍာနှစ်အတွင်းမြို့နယ်ဆေးရုံနှင့်အထက် ဆေးရုံများကို အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း၊ လိုအပ်သည့်ဆေးရုံသုံးစက်ကိရိယာများ ဖြည့်တင်းရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ **ယခုနှစ်အတွင်း ဆေးရုံသုံးပစ္စည်းကိရိယာများ ဝယ်ယူဖြည့်တင်းခြင်းနှင့် ဆေးရုံများတိုးချဲ့ဆောက်လုပ်ခြင်းအတွက် သီးသန့်ရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ၂၂ သန်းနှင့် ကျပ်ငွေ ၁၁၆ ဒသမ ၈ ဘီလီယံကို အသုံးပြုသွားမည်ဖြစ်ကြောင်း။**

ကျန်းမာရေးနှင့်ပတ်သက်ပြီး လစ်လပ်သွားခဲ့သည့် ကျန်းမာရေးဝန်ထမ်းနေရာများကို ပြည့်မီစွာ ပြန်လည်ခန့်အပ်နိုင်ရန်အတွက် **"ဆေးရုံတိုင်း ဆရာဝန် ရှိရမည်"** ဆိုသည့်မူကို ချမှတ်ပြီး မိမိတို့အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးဝါဒမှိုင်းကြောင့် တာဝန်မှ လုပ်ငန်းခွင်စွန့်ခွာသွားသည့် ကျန်းမာရေးဝန်ထမ်းများ၏ နေရာများတွင်ပြန်လည်အစားထိုးခန့်အပ်ပေးနိုင်ရန် အလေးထားဆောင်ရွက်ခဲ့ခြင်းကြောင့် ယနေ့အချိန်တွင် နိုင်ငံတစ်ဝန်း ဆေးပေးခန်း ၇၂၇၈ ခုနှင့် ဆေးရုံပေါင်း ၇၅၇ ရုံတွင် ကျန်းမာရေးဝန်ထမ်း ၆၈၂၅၈ ဦးနှင့် ပြည်သူလူထု၏ကျန်းမာရေးကို စောင့်ရှောက်မှုပေးလျက်ရှိကြောင်း၊ လူသားတိုင်း၏ကျန်းမာရေးဆိုင်ရာ အခြေခံရပိုင်ခွင့်များကိုပြည့်ဝစွာရရှိစေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ချမှတ်ထားသည့် လူမှုရေးဦးတည်ချက်တွင် ပါဝင်သော **"တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး"** ဆိုသည့်အချက်ကို အထောက်အပံ့ဖြစ်စေရန် လာမည့်ဒီဇင်ဘာလအတွင်း၌လည်း ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို ကျင်းပရန် စီမံဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် နှစ်စဉ်မိုးရာသီကာလတွင် ရေကြီးရေလျှံမှုအနည်းနှင့်အများ ဖြစ်ပေါ်တတ်သည့်နိုင်ငံဖြစ်ကြောင်း၊ ယခုနှစ်တွင်လည်း မိုးဦးကာလအစကတည်းက ယခင်နှစ်များထက် မိုးရွာသွန်းမှုပိုမိုများပြားလာပြီး မြန်မာနိုင်ငံအထက်ပိုင်း မြစ်ကြီးနားဒေသမှစတင်ကာ ရေကြီးရေလျှံမှုများဖြစ်ခဲ့ကြောင်း၊ လက်ရှိအခြေအနေအထိ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ အဆိုပါသဘာဝဘေးအန္တရာယ် ကျရောက်နေမှုကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ တာဝန်သိလူမှုအဖွဲ့အစည်းများအားလုံးက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ တက်ကြွစွာ ဆောင်ရွက်ပြီး ပြည်သူ့အကျိုး သယ်ပိုးလျက်ရှိကြောင်း။

**☆ ပြည်ပနိုင်ငံအချို့သည် စီးပွားရေးပိတ်ဆို့ခြင်း၊ ဘဏ်များလုပ်ကိုင်နိုင်မှုမရှိအောင် ပိတ်ဆို့ခြင်း၊ နယ်စပ်ကုန်သွယ်ရေး မပြုလုပ်နိုင်အောင် နည်းလမ်းပေါင်းစုံဖြင့် ပြုလုပ်ခြင်း၊ ၎င်းတို့အကျိုးအမြတ်ရရှိရေး၊ လက်ဝါးကြီးအုပ်ဆောင်ရွက်နိုင်ရေးအတွက် နယ်စပ်ဒေသရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို နည်းလမ်းပေါင်းစုံနှင့် အားပေးကူညီခြင်းများ ပြုလုပ်နေသည်ကို တွေ့ရှိရ**

**☆ ငွေကြေးတန်ဖိုးတက်ခြင်း၊ ကျခြင်းထက် ငွေကြေးခိုင်မာမှုရှိစေရန် လိုအပ်သောကြောင့် ငွေကြေးခိုင်မာမှုရှိအောင် ဆက်လက်ဆောင်ရွက်သွားမည်**

စာမျက်နှာ ၅ သို့ ☆

☆ စာမျက်နှာ ၄ မှ


### စားရေရိက္ခာဖူလုံရေး

ကမ္ဘာ့လူဦးရေတိုးတက်လာသည်နှင့် အမျှ စားရေရိက္ခာလိုအပ်မှု Demand ကလည်း အချိုးကျမြင့်တက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ရာသီဥတုနှင့် ပထဝီအနေအထားက ကောက်ပဲသီးနှံမျိုးစုံ၊ သစ်သီးဝလံမျိုးစုံနှင့် မွေးမြူရေးလုပ်ငန်းများ ကောင်းစွာ ဖြစ်ထွန်းနိုင်သည့် နိုင်ငံဖြစ်ခြင်းကြောင့် ထိရောက်အကျိုးရှိစွာအသုံးချနိုင်ရန် လိုအပ်ကြောင်း၊ **၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း မိုးစပါးစိုက်ဧက ၁၅ သန်းကျော်လျာထားပြီး လက်ရှိအချိန်တွင် ပျမ်းမျှ ၇၀ ရာခိုင်နှုန်းနီးပါး စိုက်ပျိုးပြီးဖြစ်ကြောင်း၊** မိုးသီးနှံများအနေဖြင့် မြေပဲ၊ နှမ်း၊ နေကြာစသည့် ဆီထွက်သီးနှံလျာထားဧက ၄ ဒသမ ၆ သန်းကျော်ရှိပြီး ပျမ်းမျှ ၈၁ ရာခိုင်နှုန်းကျော်၊ ပဲအမျိုးမျိုး လျာထားဧက သုံးသန်းကျော်ရှိပြီး ပျမ်းမျှ ၇၀ ရာခိုင်နှုန်းခန့် စိုက်ပျိုးပြီးဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် ပတ်သက်ပြီး အဓိကစိုက်ပျိုးသီးနှံများကို သီးထပ်စိုက်ပျိုးမှုဆောင်ရွက်ပြီး တစ်ဧကအထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်စေလျက်ရှိကြောင်း၊ ထို့ပြင် မွေးမြူရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး စနစ်တကျမွေးမြူခြင်းနှင့် မွေးမြူရေးထုတ်ကုန်များ တိုးတက်အောင် ဆောင်ရွက်နိုင်ပါက ပြည်တွင်းသားငါးဖူလုံမှုသာမက ပြည်ပသွင်းကုန်ကို အစားထိုးနိုင်ပြီး အဓိကပို့ကုန်ကဏ္ဍအဖြစ် ပါဝင်လာနိုင်စေသည်အထိ အကျိုးရှိစေနိုင်ကြောင်း။

**မြန်မာနိုင်ငံတွင် မိုးစပါး ၁၅ သန်းနှင့် နွေစပါး နှစ်သန်းစိုက်ပျိုးထားကြောင်း၊** လယ်အနေဖြင့် **နှစ်ရပ်ပေါင်း ၁၅ သန်းခန့် စိုက်ပျိုးထားသည့်အတွက် တစ်ဧက ပန်းတိုင် ရည်မှန်းချက်တင်း ၁၀၀ ထွက်ပါက လူဦးရေ သန်း ၁၀၀ စာအတွက် ဝမ်းစာဖူလုံမှု ရှိကြောင်း၊** ယင်းသည် **တစ်သီးသာဖြစ်ပြီး သီးထပ်စိုက်ပါက သန်း ၂၀၀ စာအတွက် ဖူလုံမှုရှိကြောင်း၊** ထို့ကြောင့် လယ်စပါးစိုက်ပျိုးခြင်းကပင် ဆန်ပိုလျှံမှုများစွာရှိပြီး ပြည်ပဝင်ငွေများစွာရရှိစေနိုင်မည်ဖြစ်ကြောင်း၊ အခြား ဝါ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများလည်း ပန်းတိုင်ရည်မှန်းချက်ရအောင် ဆောင်ရွက်နိုင်ပါက စိုက်ဧကမတိုးချဲ့ဘဲနှင့်ပင် များစွာပိုလျှံမည်ဖြစ်သည့်အတွက် အားသွန်ခွန်စိုက်အလုပ်လုပ်ကြရန်နှင့် လုပ်နိုင်အောင် ဖန်တီးပေးရန်ပင်လိုကြောင်း။



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တင်ပြဆွေးနွေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် တင်ပြဆွေးနွေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် တင်ပြဆွေးနွေးစဉ်။

**☆ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများတွင် ငွေကြေးအရင်းအနှီး တတ်နိုင်သူများအနေဖြင့် ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ပါက နိုင်ငံ၏စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်လာပြီး ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်လာမည်ဖြစ်သည့်အတွက် ဖိတ်ခေါ်**

၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နေသူ ၄၁ ဒသမ ၂ ရာခိုင်နှုန်းသည် လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်နေကြကြောင်း၊ အဆိုပါနယ်ပယ်တွင်ရှိကြသည့် လုပ်သားအင်အားကို လူသားအရင်းအမြစ်ကောင်းများအဖြစ် မွေးထုတ်ပေးရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများပင်ဖြစ်ကြောင်း၊ မွေးမြူရေလုပ်ငန်းများ၌ ဒေသမျိုးရင်းတိရစ္ဆာန်များကိုပင် လှောင်မွေးစနစ်ဖြင့် မွေးမြူပြီး စိုက်ပျိုးရေးမှရရှိသည့် ဆန်ကွဲ၊ ဖွဲ၊ ပြောင်း၊ ပဲဖတ်၊ နှမ်းဖတ်၊ ကောက်ရိုးတို့ဖြင့် အစာရေစာကို စနစ်တကျကျွေးမွေးပါက စီးပွားရေးအရများစွာ တွက်ခြေကိုက်နိုင်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်နေသည့်နိုင်ငံများ၏ စိုက်ပျိုးရေးနှင့်မွေးမြူရေးနည်းလမ်းများကို လေ့လာပြီး ခေတ်မီနည်းစနစ်များဖြင့် လက်တွေ့ဆောင်ရွက်နိုင်ရန် စီမံပေးလျက်ရှိကြောင်း။

**စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် ငွေကြေးအရင်းအနှီး တတ်နိုင်သူများအနေဖြင့် ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ပါက နိုင်ငံ၏စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ တိုးတက်လာပြီး ကုန်ထုတ်လုပ်ငန်းများပိုမိုတိုးတက်လာမည်ဖြစ်သည့် အတွက် ဖိတ်ခေါ်ပါကြောင်း၊** စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသည် တိုင်းပြည်အတွက် သေချာသည့်စီးပွားရေးတစ်ခုဖြစ်ခြင်းကြောင့် ပန်းတိုင်အထွက်နှုန်းများပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

### ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရေး

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင်ပါရှိသည့် ဝိသေသလက္ခဏာအများစုမှာ ပြည်ထောင်စု (ဖက်ဒရယ်)စနစ်နှင့် ကိုက်ညီသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ပထမဦးစွာ ဖက်ဒရယ်ပုံစံမူများဖြစ်သည့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ် အဆင့်တွင် လွှတ်တော်နှင့်အစိုးရနှစ်ရပ် ဖွဲ့စည်းထားရှိခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များတည်ရှိမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာမခံပေးထားခြင်း၊ ထို့ပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေခြောက်ခု တည်ရှိခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အသေးစိတ်ဖော်ပြထားခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဘဏ္ဍာရေးခွဲဝေကျင့်သုံးမှုကိုလည်း သတ်မှတ်ပြဋ္ဌာန်းထားခြင်းတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပုဒ်မများဖြင့် တိတိကျကျဖော်ပြထားရှိပြီးဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပေးထားသည့်အခွင့်အရေးများကိုအသုံးချပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းကြရန်သာ လိုအပ်ကြောင်း၊ လိုအပ်ချက်အရ အခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းများကိုလည်း စည်းကမ်းနှင့်အညီ ပြုပြင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် တည်ဆောက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ခရိုင် ၄၆ ခု တိုးချဲ့ဖွဲ့စည်းပေးခဲ့ပြီး စုစုပေါင်းခရိုင် ၁၂၁ ခုနှင့် ထိရောက်သည့်အုပ်ချုပ်ရေးကို ဖြစ်ပေါ်လာအောင် ၂၀၂၂ ခုနှစ်ကတည်းက ဖော်ဆောင်ပေးခဲ့ကြောင်း၊ ခရိုင်များ၏ဦးဆောင်မှုဖြင့် မြို့နယ်/ ဒေသအားလုံးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ ခရိုင်အလိုက် မိမိတို့ရရှိထားသည့် လုပ်ပိုင်ခွင့်များကိုအသုံးချပြီး မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်သည့်နေရာတွင် တိုင်းဒေသကြီးများနှင့် ပြည်နယ်များအနေဖြင့်လည်း မိမိတို့ဒေသများတွင် ရွေးကောက်ပွဲမှတစ်ဆင့် ဖြစ်ပေါ်လာသည့် အစိုးရများပေါ်ပေါက်လာစေရန် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သတ်မှတ်ရာခိုင်နှုန်း ပြည့်မီအောင်အတတ်နိုင်ဆုံးရွေးကောက်ပွဲများ ကျင်းပနိုင်ရန်လိုအပ်ကြောင်း၊ ထိုအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းစဉ်များကို တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် ယခုအချိန်ကတည်းက စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းသည့်အခါတွင် တစ်ဦးနှင့်တစ်ဦး သဘောထား ကွဲလွဲမှုများရှိသည်ကို နားလည်လက်ခံကြောင်း၊ ကိုယ်စီ၏ လိုလားချက်များကို အကြမ်းဖက်သည့်လမ်းစဉ်နှင့် လက်နက်ကိုင်တောင်းဆိုခြင်းကို မည်သည့်နိုင်ငံ၊ မည်သည့်လူ့အဖွဲ့အစည်းကမှ လက်မခံခြင်းကြောင့် ဥပဒေနှင့်အညီသာ တောင်းဆိုကြရမည်ဖြစ်ကြောင်း၊ လွှတ်တော်မတိုင်မီ ဥပဒေမထုတ်ပြန်နိုင်သေးချိန်တွင်လည်း ပြည်ထောင်စုမှ ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ **ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဥပဒေနှင့်အညီသာ တောင်းဆိုရမည်ဖြစ်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီသာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်လည်းဖြစ်ကြောင်း။**

### ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အဓိကရည်မှန်းချက်သည် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေးပင်ဖြစ်ကြောင်း၊** မိမိတို့အနေဖြင့် ရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ရန်အတွက် ခိုင်လုံသည့်အခြေခံမဲစာရင်းများ ရရှိရန် လိုအပ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင်ဖြစ်ပေါ်ခဲ့သည့် မဲစာရင်းမှားယွင်းမှုများကြောင့် နိုင်ငံ့သမိုင်းတွင် အလွန်ဆိုးရွားသည့် အမည်းစက်ဖြစ်ခဲ့ရသည့်အဖြစ်မျိုး ထပ်မံမဖြစ်စေရေးအဖြစ်နိုင်ဆုံး မဲစာရင်းမှန်ကန်အောင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မဲစာရင်းများ မှန်ကန်မှုရှိစေရေးအတွက် လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိပြီး လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို လာမည့် အောက်တိုဘာလတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အောင်မြင်စွာကောက်ယူနိုင်ရေးနှင့် စာရင်းကောက်ယူရာတွင် တွေ့ကြုံလာနိုင်သည့်အခက်အခဲများကို ဖြေရှင်းနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေကြောင်း။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြေပြင်ရှိစာရင်းများကို ဦးစားပေးကောက်ယူသွားမည်ဖြစ်ကြောင်း၊ မြေပြင်ကွင်းဆင်းကောက်ယူရန် အခက်အခဲရှိသည့်နေရာများအတွက်လည်း မြေပြင်တွင်ရှိသည့်စာရင်းများနှင့် အတတ်နိုင်ဆုံး၊ အနီးစပ်ဆုံးစာရင်းကိုက်ညီမှုရရှိသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကောက်ယူ၍ရနိုင်သည့်မြို့ရွာများကို ဦးစွာကောက်ယူပြီး ဆက်စပ်မြို့နယ်များကို လုံခြုံရေးရယူကာ ဆက်လက်ကောက်ယူသွားမည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပပြုလုပ်ရာတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် ရွေးကောက်ပွဲဥပဒေများနှင့်အညီ ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဒေသအလိုက်လုံခြုံရေးအခြေအနေပေါ်မူတည်ပြီး ကျင်းပနိုင်သည့်နယ်မြေများကို ဦးစွာကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ လတ်တလော လုံခြုံရေးအခြေအနေအရ ကျင်းပနိုင်ခြင်းမရှိသေးသည့် နယ်မြေများကိုလည်း လုံခြုံရေးကောင်းမွန်အောင် တိုးမြှင့်ဆောင်ရွက်ပြီး ဆက်လက်ကျင်းပနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုသာ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် မှန်ကန်သည့်ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များကို လျင်မြန်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် **လုံခြုံရေးပိုင်းနှင့် ပတ်သက်ပြီး လုပ်သင့်လုပ်ထိုက်သည်များကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် ပြန်လည်မှတ်ပုံတင်ခွင့်နှင့် အသစ်တည်ထောင်မှတ်ပုံတင်ခွင့်တင်ပြလာသည့် နိုင်ငံရေးပါတီ ၆၇ ပါတီအနက်မှ နိုင်ငံရေးပါတီ ၅၀ ကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး နိုင်ငံရေးပါတီ နှစ်ပါတီကို ဥပဒေနှင့်အညီ ပါတီမှတ်ပုံတင်ခွင့်ပယ်ဖျက်ခဲ့သည့်အတွက် လက်ရှိတည်ဆဲနိုင်ငံရေးပါတီ ၄၈ ပါတီရှိပြီဖြစ်ကြောင်း။

စာမျက်နှာ ၆ သို့ ☆

## ☆ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်သည် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေးပင်ဖြစ်

☆ စာမျက်နှာ ၅ မှ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် မဲဆန္ဒရှင်များမဲပေးရာတွင် အဆင်ပြေစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် နေပြည်တော် အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် ၅ ခုရှိ မြို့နယ် စုစုပေါင်း ၁၂ ခုတွင်ရှိသည့် ဒေသခံပြည်သူ ၁၀၇၂၉၉ ဦးကို မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine)နှင့် စပ်လျဉ်းသည့် ရှင်းလင်းပြသခြင်းများ၊ လက်တွေ့သရုပ်ပြစမ်းသပ် မဲပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက် လျှောက်လှမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာ စေရေး အာမခံထားပြီးဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် **NUG နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေ ဖြင့် မြန်မာနိုင်ငံအကျိုးကို မလိုလားသည့် နိုင်ငံများ ၏ ထောက်ပံ့မှုများ ရယူကာ အကြမ်းဖက်တိုက်ခိုက် မှုများကို တိုးမြှင့် လုပ်ဆောင်နေလျက်ရှိကြောင်း၊** ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီယဉ်ကျေးမှုကိုမလိုလား သည့် လက်နက်ကိုင်အဖွဲ့အချို့အနေဖြင့်လည်း ဥပဒေမဲ့လုပ်ရပ်များနှင့် နယ်မြေချဲ့ထွင်ရေးလုပ်ငန်း များကို တိုးမြှင့်လုပ်ဆောင်နေသည်ကို သိသာ ထင်ရှားစွာတွေ့မြင်နေရကြောင်း၊ ထို့ကြောင့် နိုင်ငံ တစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေး အခြေအနေများကို ပြန်လည်ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လက်ရှိ ဆောင်ရွက်နေသည့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရန် နှင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး တစ်ရပ်ကျင်းပနိုင်ရန်လိုအပ်သည့် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများ၊ ရွေးကောက်ပွဲဆိုင်ရာ ထပ်ဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၅ အရ အထက်ပါတင်ပြခဲ့သည့် လုပ်ဆောင် ရမည့်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ နိုင်ငံတော်၏တာဝန်များကို နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီက ဆက်လက်တာဝန်ယူ ထမ်းဆောင်ခွင့်ကို ထပ်မံ၍ (၆ လ) သက်တမ်း တိုးမြှင့်ပေးနိုင်ရန် တပ်ပြအပ်ပါကြောင်း ပြောကြား သည်။

ယင်းနောက် ယာယီသမ္မတ(တာဝန်) တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ တင်ပြချက်များနှင့်စပ်လျဉ်း ၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ ဝင်များက ဆွေးနွေးတင်ပြကြရာ ဦးစွာ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က မကြာမီဆောင်ရွက် မည့် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင် စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့် ပတ်သက်၍ အနည်းငယ် ဆွေးနွေးတင်ပြလိုပါကြောင်း၊ လူဦးရေ နှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းသည် မိမိတို့နိုင်ငံအတွက် မဖြစ်မနေဆောင်ရွက်ရမည့် အရေးကြီးလုပ်ငန်းရပ် တစ်ခုဖြစ်ကြောင်း၊ နောင်ကျင်းပမည့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် တိကျမှန်ကန်သော မဲစာရင်းများသည် ပြည်လုံးကျွတ် သန်းခေါင်စာရင်း အချက်အလက်များအပေါ် အခြေခံ ရပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းနှင့် အခြေခံမဲစာရင်းပြုစုရေး လုပ်ငန်းများ သည် ဆက်စပ်ချိတ်ဆက်ဆောင်ရွက်ရသည့် လုပ်ငန်း များဖြစ်ပါကြောင်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းကို အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကောက်ယူသွားမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် ပတ်သက်၍ လုပ်ငန်းသဘောသဘာဝအရ အဆင့်ဆင့်သော လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက် ရခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ အဆင့်ဆင့်အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် အချိန်ကာလအတိုင်း အတာတစ်ခုအထိ အချိန်ယူရမည်ဖြစ်ပါသဖြင့် နိုင်ငံ တစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာထား သည့်ကာလကို ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁ ရက်မှစ၍ နောက်ထပ် ၆ လ သက်တမ်းတိုးမြှင့်ခြင်းကို ထောက်ခံ ပါကြောင်း တင်ပြဆွေးနွေးသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဆွေးနွေးရာတွင် ပထမ အချက်အနေဖြင့် ယာယီသမ္မတ ဦးမြင့်ဆွေသည် ကျန်းမာရေးအခြေအနေအရ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၂၊ ပုဒ်မ ၄၁၇၊ ပုဒ်မ ၄၁၉ ၊ ပုဒ်မ ၄၂၅ တို့အရ ယာယီသမ္မတတာဝန်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ထမ်းဆောင်မှုအပေါ်ထောက်ခံပါကြောင်း၊ ဒုတိယ အချက်အနေဖြင့် လက်ရှိတွင် နိုင်ငံတော်၏ လုံခြုံ ရေးပိုင်းဆိုင်ရာ ဆောင်ရွက်မှုများသည် ပြီးပြတ်မှုမရှိ သေးပါကြောင်း၊ လူဦးရေနှင့် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းသည်လည်း အရေးကြီးသည့် လုပ်ငန်းရပ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယင်းကိစ္စများ ကို ဆက်လက်ဆောင်ရွက်နိုင်ရေး နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလကို ၆လ သက်တမ်းတိုးမြှင့်ခြင်းအား ထောက်ခံပါကြောင်း တင်ပြဆွေးနွေးသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရ အနေဖြင့် သက်တမ်းတိုးထားသည့်ကာလအတွင်း နိုင်ငံတော်တည်ငြိမ်ရေးကို အလေးထားဆောင်ရွက် ခဲ့ပါကြောင်း၊ ၂၀၂၄ ခုနှစ် ဇူလိုင်လဆန်းမှစ၍ အကြမ်းဖက်သမားများသည် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ် တို့အတွင်းရှိ လုံခြုံရေးဆိုင်ရာ တပ်စခန်းများကို သာမက သာမန်ပြည်သူများနေထိုင်သည့် မြို့၊ ရွာများအား ရှော့တိုက်ဒုံး၊ ဒရုန်းများ အသုံးပြု၍ တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့ကာ တည်ငြိမ်အေးချမ်း ရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေရန် လုပ်ဆောင်လျက်ရှိပါကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်များကို မလွှဲမရှောင်သာ ရယူ တာဝန်ထမ်းဆောင်ခဲ့ရခြင်းဖြစ်ပြီး နိုင်ငံ၏အခြေအနေ လုံခြုံတည်ငြိမ်လာသည့်အချိန်တွင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို မလွဲမသွေကျင်းပပေးကာ နောင် ပေါ်ပေါက်လာမည့်အစိုးရကို နိုင်ငံတော်အာဏာအား စနစ်တကျ ပြန်လည်လွှဲပြောင်းပေးရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရာတွင် လွတ်လပ်၍ တရားမျှတပြီး လွတ်လပ်စွာ မဲပေးနိုင်ရေးအတွက် နိုင်ငံအတွင်းလုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုရရှိရေး ဆက်လက်ဆောင်ရွက်နိုင်ရန် အရေးပေါ်ကာလကို သက်တမ်းတိုးမြှင့်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝန်းလုံးအရေးပေါ်အခြေအနေ ကြေညာထားသည့် ကာလကို ၆ လ သက်တမ်းတိုးမြှင့် ခြင်းအား ထောက်ခံပါကြောင်း တင်ပြဆွေးနွေးသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ၂၀၂၄ ခုနှစ် အတွင်း ယခုအချိန်အထိ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီး၌ လက်နက်ခဲယမ်းနှင့် မိုင်းမျိုးစုံကို သိမ်းဆည်းရမိခဲ့ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ မြို့နယ်အချို့တွင် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာ ရေးတို့ကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေး စစ်အုပ်ချုပ်ရေးအာဏာကျင့်သုံးရန် ထုတ်ပြန်ဆောင် ရွက်ခဲ့ရခြင်းများရှိသကဲ့သို့ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားခဲ့ရခြင်းများလည်းရှိကြောင်း၊ ၂၀၂၄ ခုနှစ်အတွင်း လက်နက်ကိုင်အကြမ်းဖက်မှုများ ဖြစ်ပေါ်ခဲ့မှုနှင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့တွင် သာမန်အခြေ အနေမဟုတ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၅ နှင့်အညီ နိုင်ငံတစ်ဝန်းလုံး အရေးပေါ် အခြေအနေ ကြေညာထားသည့်ကာလကို သက်တမ်း တိုးမြှင့်ခြင်းအား ထောက်ခံပါကြောင်း တင်ပြဆွေးနွေး သည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ပြီးခဲ့သည့် အရေးပေါ်အခြေအနေ သက်တမ်းတိုးမြှင့်ထားခဲ့သည့် ၆ လတာ ကာလ အတွင်း နိုင်ငံတော်၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုး ရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးကိစ္စရပ်များကို အတိုင်းအတာတစ်ခုအထိ ဖော်ဆောင်နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ သို့သော် လည်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ ပါတီစုံဒီမိုကရေစီ စနစ် ခိုင်မာစေရေးတို့အတွက် ရှေ့လုပ်ငန်းစဉ် ၅ ရပ် တွင် ပါဝင်သည့် လွတ်လပ်၍ တရားမျှတသောပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရန် လုံခြုံရေး၊ တည်ငြိမ်အေးချမ်း ရေးနှင့် သန်းခေါင်စာရင်းကောက်ယူခြင်း အပါအဝင် ဆောင်ရွက်ရန်လုပ်ငန်းစဉ်များ ကျန်ရှိနေသေး ကြောင်းနှင့် ယင်းလုပ်ငန်းစဉ်များကို အချိန်ကာလ တစ်ခု ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၂၅ အရ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ တာဝန်များကို နောက်ထပ် ၆ လ ထပ်မံတာဝန်ထမ်းဆောင်ခွင့်ပြုရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆိုပြုချက် ကို ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ယာယီသမ္မတ(တာဝန်) တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဖြည့်စွက်ဆွေးနွေးပြောကြားရာ တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင် စာရင်းကောက်ယူခြင်းသည် အချိန်တိုအတွင်း ပြည့်စုံ အောင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းစဉ်မဟုတ် ကြောင်း၊ ယနေ့ဖြစ်ပေါ်နေသော အခြေအနေများအရ လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် စိစစ်မှုအဆင့်ဆင့် ပြုလုပ် ရမည်ဖြစ်ကြောင်း၊ ထွက်ပေါ်လာသော လူဦးရေ စာရင်းကိုအခြေခံ၍ မဲစာရင်းကိုအတတ်နိုင်ဆုံး ပြည့်စုံအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အချို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် လုံခြုံရေး ဆိုင်ရာ အားနည်းချက်များရှိ၍ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေး လုံခြုံရေး တိုးတက်မှုရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲနှင့် ပတ်သက်၍လည်း လုံခြုံရေးအခြေအနေအပေါ်မူတည် ၍ ဦးစားပေးအဆင့်ဆင့်သတ်မှတ်ပြီး နယ်မြေဒေသ အလိုက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ လွှတ်တော်များ၊ အစိုးရအဖွဲ့များ ပေါ်ပေါက်လာရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အရေးကြီးသည်မှာ နိုင်ငံတော်အနေဖြင့် မှန်ကန်သည့်ဒီမိုကရေစီလမ်း ကြောင်းကို ဆက်လက်အောင်မြင်စွာလျှောက် လှမ်းနိုင်ရေးပင်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ယာယီသမ္မတ(တာဝန်) တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်း အဝေးကို တက်ရောက်လာကြသည့် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များက နိုင်ငံတော်တွင်လက်ရှိဖြစ်ပေါ်နေသည့် ကာကွယ်ရေး နှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေး၊ လူမှုရေး နှင့် အခြားအထွေထွေကိစ္စရပ်များကို ကဏ္ဍအလိုက် ပြည့်စုံစွာဆွေးနွေးပေးကြသဖြင့် ကျေးဇူးတင်ရှိကြောင်း။

မိမိတို့အနေဖြင့် ပြည်သူအားလုံးကလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို မလွဲမသွေ ရှေ့ဆက်လျှောက်လှမ်းရမည် ဖြစ်သည့်အတွက် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို မဖြစ်မနေ အောင်မြင်စွာ ကျင်းပပေးရမည်ဖြစ်ကြောင်း၊ ကျင်းပ ရာတွင်လည်း ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဆိုင်ရာ ဖြစ်စဉ်များကဲ့သို့ ထပ်မံမဖြစ်ပေါ်စေရေးအတွက် ခိုင်လုံမှန်ကန်သည့် မဲစာရင်းများရရှိရန်လိုကြောင်း၊ ထို့ကြောင့် လာမည့် အောက်တိုဘာလတွင် ဆောင်ရွက်မည့် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူ ခြင်းလုပ်ငန်းများကို အောင်မြင်စွာပြီးမြောက်စေရေး အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လို ကြောင်း၊ ရွေးကောက်ပွဲကို နိုင်ငံတစ်ဝန်းတွင်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်မှသာ ပြည်ထောင်စုအစိုးရ၊ ပြည်သူ့ လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့နှင့် တိုင်းဒေသ ကြီးနှင့် ပြည်နယ်များ၌ သက်ဆိုင်ရာလွှတ်တော်များ၊ အစိုးရများပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ပေါ်ပေါက်လာစေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရွေးကောက်ပွဲကျင်းပနိုင်မည့် တည်ငြိမ်အေးချမ်းမှုရှိသည့် အနေအထားဖြစ်ပေါ် အောင် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး နှင့် လုံခြုံရေးဆိုင်ရာကိစ္စများကို ပိုမိုတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်သွားကြရမည်ဖြစ် ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ အနေဖြင့် လုံလောက်သည့်အချိန် ရယူဆောင်ရွက်ရန် လိုအပ်သည်ဟူသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များ၏ အဆိုပြုချက်များကို မိမိအနေဖြင့် သဘောတူပါကြောင်း။

တက်ရောက်လာသည့် အမျိုးသားကာကွယ်ရေး နှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များအနေဖြင့်လည်း နိုင်ငံတော်တွင်ဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေ အရ အရေးပေါ်ကာလကို နောက်ထပ် ၆ လ ထပ်မံ သက်တမ်းတိုးမြှင့်ရန် သဘောတူညီဆုံးဖြတ်ပြီး ဖြစ်သောကြောင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၂၅ နှင့်အညီ "**နိုင်ငံတော်တစ်ဝန်းလုံး အရေးပေါ်အခြေ အနေ ကြေညာထားသည့်ကာလကို ၁-၈-၂၀၂၄ ရက်မှစပြီး နောက်ထပ် ၆ လ တိုးမြှင့်သတ်မှတ် ကြောင်း**"ကို ကြေညာအပ်ပါကြောင်း ပြောကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး (၂/၂၀၂၄)ကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Taylor Swift အပါအဝင် ကမ္ဘာ့အနုပညာရှင်များ Google တွင် ရှာဖွေမှု များပြား



ပရိသတ်အချစ်တော် အဆိုတော် တေလာဆွစ် အပါအဝင် ကမ္ဘာတစ်ဝန်း အနုပညာရှင်များကို ဂူဂဲလ်တွင် ရှာဖွေကြည့်ရှုသူများပြားခဲ့သည်ဟု ဟောလိဝုဒ် အတ်ဒိတ်တွင် ဖော်ပြသည်။

၂၀၂၄ ခုနှစ် ပထမနှစ်ဝက်အတွင်း ကမ္ဘာတစ်ဝန်း ပရိသတ်များ စိတ်ဝင်စားခံရသည့် ကမ္ဘာကျော်အနုပညာရှင်များ ဂူဂဲလ်တွင် ရှာဖွေမှုအမြင့်ဆုံးစာရင်းကို ထုတ်ပြန်ကြေညာထားရာ တေလာဆွစ်က ထိပ်ဆုံးဖြစ်ခဲ့သည်။

အိန္ဒိယမီလျံနာသူဌေး အမ်ဘာနီ မိသားစုနှင့်အတူ ဖျော်ဖြေခဲ့သည့် ဂျက်စတင်ဘီဘာက နံပါတ်နှစ်နေရာ၊ ဘီလီအင်္ဂလိပ်ရှ်က တတိယနေရာနှင့် ကေပေါ့ပ်အနုပညာရှင် ဘီတီအက်စ်အဖွဲ့ဝင် ဗွီ (ခေါ်)ကင်ထယ်ယောင်းက အနုပညာလှုပ်ရှားမှုများစွာနှင့် ကမ္ဘာ့အဆင့်နံပါတ်လေးနေရာ ရရှိကာ တောင်ကိုရီးယားနိုင်ငံတွင် ထိပ်ဆုံးနေရာ ရရှိထားသည်။ **(SKY)**



## အင်တာလူကင် ၁၁ ပရိုတိန်းကို ဖြတ်တောက်လိုက်လျှင် အသက်ကို ၂၅ ရာခိုင်နှုန်းပို၍ ရှည်လာစေနိုင်သည်ဟု ဆို

အင်တာလူကင် ၁၁ ပရိုတိန်းက လူ့ကိုယ်ခန္ဓာထဲရှိ ရောင်ရမ်းမှု ဓာတ်ကြွမှုတို့ကို အားပေးသည်။ ယင်းပရိုတိန်းကြောင့် ကိုယ်တွင်းဇီဝဖြစ်စဉ်ကို ဖောက်ပြန်စေတတ်ကြောင်း အဏုဇီဝသိပ္ပံပညာရှင်များ ဖော်ထုတ်တွေ့ရှိထားပြီး ဖြစ်သည်။

ထိုပရိုတိန်းကို ဖြတ်တောက်ခြင်းနှင့်ပတ်သက်၍ ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ ဆေးဖက်ဆိုင်ရာသိပ္ပံဌာန ဆေးသုတေသနကောင်စီ ဓာတ်ခွဲခန်းနှင့် ဘုရင့်ကောလိပ်မှ ပါမောက္ခစတူးဝပ်ကွတ်ခ် ဦးဆောင်သော သုတေသီများစင်ကာပူနိုင်ငံရှိ ဂျူ-အင်န်ယူအက်စ် ဆေးကျောင်းတွင် မကြာသေးမီက စူးစမ်းလေ့လာခဲ့ကြသည်။

ဓာတ်ခွဲခန်းကြွက်များဖြင့် ယင်းပရိုတိန်းအဖွင့်အပိတ်ရလဒ်များ အကြောင်းကို ထိုသုတေသီများနှိုင်းယှဉ်လေ့လာခဲ့ခြင်း ဖြစ်သည်။ ထိုသို့ လေ့လာရာမှ အင်တာလူကင် ၁၁ ပရိုတိန်းကို ဖြတ်တောက်လိုက်လျှင် ကြွက်များ၏အသက်ကို ၂၅ရာခိုင်နှုန်းပို၍ ရှည်လာစေနိုင်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။

အဆိုပါတွေ့ရှိချက်က လူတို့၏အသက်ရှည်ခြင်းအပေါ်တွင်းလည်း အကျိုးသက်ရောက်မည်ဟု ယူဆသည်ဟု ပါမောက္ခစတူးဝပ်ကွတ်ခ်က ထုတ်ဖော်ပြောကြားကြောင်း သိရသည်။ SCI


## Napoleon ရုပ်ရှင်ကား ဝေဖန်ထောက်ပြမှု များစွာနှင့် ကြုံတွေ့ရ

ပြင်သစ်သမိုင်းနောက်ခံ ရုပ်ရှင် Napoleon ကို နာမည်ကျော် ဒါရိုက်တာရစ်ဒလေစကော့ ရိုက်ကူးပြီး အော်စကာဆုရှင် ဂျိုအာကွက်ဖိလစ် ပါဝင်ထားပြီး ရုံတင်ပြသခဲ့ရာမှ ဝေဖန်ထောက်ပြမှုများစွာနှင့် ကြုံတွေ့ခဲ့ရသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်သည် ဝင်ငွေအရ အောင်မြင်မှုမရရှိခဲ့သည့်အပြင် သမိုင်းအကြောင်းအရာဆိုင်ရာ ကွဲလွဲမှုများပါဝင်နေ၍ သမိုင်းသုတေသီနှင့် ဝေဖန်ရေးသမားများကြား ဝေဖန်ထောက်ပြခံခဲ့ရသည်။

ယင်းဇာတ်ကားကို Sony ၊ Columbia Pictures နှင့် Apple Original Film တို့ ပူးတွဲဖြန့်ချိထားကာ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော်နီးပါး သုံးခဲ့ပြီး (၉၆)ကြိမ်မြောက် အော်စကာဆုပေးပွဲတွင် ဆန်ခါတင်ဝင်ခဲ့သော်လည်း ဝေဖန်ထောက်ပြမှုများစွာနှင့် ကြုံတွေ့ခဲ့ရခြင်း ဖြစ်သည်။

ပရိသတ်အများစုက လေးနာရီစာ ဗားရှင်းနှင့် Napoleon ၏ direct's cut ကို စောင့်မျှော်နေကြသည်။ **(SKY)**



## Baby Moonstar အဖွဲ့ ၂၀၂၅ နှစ်စတွင် တစ်ကိုယ်တော်ဂီတများ စတင်မည်



ကေပေါ့ပ်မျိုးဆက်သစ် မွန်းစတားအဖွဲ့ဝင်များက ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် Full Album နှင့် ပြန်လာမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ်စမှစ၍ တစ်ကိုယ်တော်ဂီတများ စတင်မည်ဟု Nower ဆောင်းပါးတွင် ဖော်ပြထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဆောင်းပါးတွင် Solo Concert ဟု ဖော်ပြထားသဖြင့် ပရိသတ်များက Solo Debut ဖြစ်လျှင် ဝမ်းသာမိမည်ဖြစ်ပြီး အဖွဲ့ဝင်ခုနစ်ဦးစလုံး ပြီးပြည့်စုံသည့် ဂီတစွမ်းရည်ကြောင့် မည်ကဲ့သို့သော Concert ကို ချပြမည်လဲဟု စောင့်မျှော်နေကြသည်။

ချောမောလှပ၍ ဂီတစွမ်းရည်ပြည့်ဝသော အဖွဲ့ဝင်ခုနစ်ဦးနှင့် မွန်းစတားအဖွဲ့၏ အဖွဲ့လိုက်ဂီတနှင့် တစ်ကိုယ်တော်ဂီတကို ရင်ခုန်စွာ စောင့်မျှော်နေသူ များပြားခဲ့သည်။ **(SKY)**

## Bright Vachirawit က NHK Music Expo 2024 တွင် ပါဝင်

ထိုင်းအနုပညာရှင် ဘရိုက်ဗာချီရာဝပ်သည် NHK Music Expo 2024 တွင် တစ်ကိုယ်တော် ထိုင်းအနုပညာရှင်အဖြစ် ပါဝင်ထားပြီး ဂျပန်တီဗီမှ ထုတ်လွှင့်ပြသမည်ဖြစ်သည်ဟု ထိုင်း အတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဖျော်ဖြေရေးအစီအစဉ်တွင် ထိုင်းအနုပညာရှင်အဖြစ် တစ်ဦးတည်း ပါဝင်သည့် ဘရိုက်ဗာချီရာဝပ်အပြင် အီလစ်၊ နယူစကူးလ်လီဒါစ်၊ အမ်ပိုက်ဖန်၊ တူမောရိုးအိပ်စ်တူဂဲသား (TXT)၊ မီဝမ် စသည့် အာရှနာမည်ကြီးအဖွဲ့များစွာ ပါဝင်ထားကြသည်။

ယင်းအစီအစဉ်ကို ဂျပန်ရုပ်သံမှ ဩဂုတ် ၂၂ ရက်တွင် စတင်ထုတ်လွှင့်ပြသမည်ဖြစ်ရာ ထိုင်းအနုပညာရှင်အဖြစ် တစ်ဦးတည်းသာ ပါဝင်သော ဘရိုက်ဗာချီရာဝပ်အတွက် ဂုဏ်ယူစရာဖြစ်ခဲ့သည်။

ပရိသတ်များက ဘရိုက်ဗာချီရာဝပ်ကို အချစ်ရေးကိစ္စထုတ်ဖော်ကြေညာပြီးချိန်မှစ၍ အားပေးမှုလျော့နည်းကျဆင်းခဲ့ရာမှ NHK Music Expo 2024 တွင် အားပေးမှု ရှိ၊ မရှိ စောင့်ကြည့်ရမည် ဖြစ်သည်။ **(SKY)**







## EXO မှ Chanyol ကို ထာဝရပြုံးနေမည့် အပျော်ပိုင်းရပ်စ်ဟု သတ်မှတ်ခံရ

EXO အဖွဲ့ဝင် ချန်ယိုသည် အမြဲပြုံးနေတတ်ပြီး စိတ်ရှည်ကာ သူနှင့်တွေ့လျှင် ပျောက်သွားသောအရာများ ပြန်ရသလို ခံစားရ၍ ထာဝရပြုံးနေမည့် အပျော်ဗိုင်းရပ်စ်ဟု ပရိသတ်က သတ်မှတ်ပေးခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ချန်ယိုသည် ၁၉၉၂ ခုနှစ် နိုဝင်ဘာ ၂၇ ရက်ဖွားဖြစ်ပြီး ရှည်လျားသော အရပ်ကို ပိုင်ဆိုင်ထားကာ ပြုံးရွှင်သော မျက်နှာပေးကို ပိုင်ဆိုင်ထားကာ အက်စ်အမ်အင်တာတိန်းမင့်နှင့် ၂၀၀၈ ခုနှစ်တွင် စာချုပ် ချုပ်ဆို၍ EXO အဖွဲ့ဝင်အဖြစ် ပွဲဦးထွက်ခဲ့သည်။

ချန်ယိုသည် တေးရေး၊ တေးဆိုအပြင် တူရိယာများစွာကို ကျွမ်းကျင်သူဖြစ်ပြီး EXO၏ လိုဂိုကိုလည်း ရေးဆွဲခဲ့ကာ ပရဟိတလုပ်ငန်းလည်း ဝါသနာပါသူဖြစ်သည်။

ချန်ယိုပြောကြားထားသည့် စကားငါးခွန်းတွင် ခက်ခဲသောအရာများနှင့်တွေ့လျှင် အကောင်းမြင်တွေး၍ အရူးလိုပြုံးနေမှာဖြစ်ပြီး မိမိကိုယ်ကို ကာယရော၊ ဉာဏပိုင်းပါ ကြံ့ခိုင်အောင်နေကာ လူအများ ပျော်ရွှင်စေချင်သည့် စိတ်ရှိကာ ကိုယ်တိုင်ဖိအားပေး၍ အစွမ်းကုန်ကြိုးစားပြီး အကောင်းဆုံးဖြစ်ရန်အတွက်ဖြစ်ပြီး စိန်ခေါ်မှုအသစ်များကို ကြိုဆိုသည်ဟူ၍ ဖြစ်သည်။ **(SKY)**

## Kyiyaya တို့ စုံတွဲ ဝင်ဘဲလ်တန်တော်ဝင်တင်းနစ်တွင် အင်္ဂလန်အသင်း အားပေးခဲ့

ဘောလိဝုဒ်နာမည်ကျော် အနုပညာရှင်စုံတွဲကီရာရာနှင့် ဆိဒ်တို့က အင်္ဂလန်နိုင်ငံ၌ကျင်းပသည့် ဝင်ဘဲလ်တန်တော်ဝင်တင်းနစ်ပြိုင်ပွဲသို့ သွားရောက်အားပေးခဲ့သည်ဟု ဘောလိဝုဒ် အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါပြိုင်ပွဲသို့ ဖိတ်ကြားခံရသော ကီရာရာနှင့် ဆိဒ်မှာ အင်္ဂလန်သို့ သွားရောက်အားပေးခဲ့ရာ ပြိုင်ပွဲကွင်းလယ်မှ ပုံရိပ်များနှင့်အတူ တွေ့ရသည်။

ဘောလိဝုဒ်မင်းသမီး ကသ်ရီနားမှာလည်း ယူရို ၂၀၂၄ အင်္ဂလန်အသင်းကို အားပေးရန် ဂျာမနီနိုင်ငံသို့ ရောက်ရှိနေကာ မဟော့ရှ်ဘာဘူ မိသားစုလည်း နယူးယောက်တွင် အပန်းဖြေရောက်ရှိနေကြသည်။

ဘောလိဝုဒ်အနုပညာရှင်များ ပြည်ပနိုင်ငံများတွင် အားလပ်ရက်အပန်းဖြေခရီးထွက်ခဲ့ကြရာမှ ကီရာရာနှင့် ဆိဒ်တို့က ဝင်းဘဲလ်တန်တော်ဝင်တင်းနစ်ပြိုင်ပွဲတွင် ဖိတ်ကြားခံခဲ့ရ၍ အားပေးခဲ့ကြခြင်း ဖြစ်သည်။ **(SKY)**



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အီရန်သမ္မတ မာဆွတ်ပေဇက်ရှ်ကီယန် ပါလီမန်၏ ရှေ့မှောက်တွင် ကျမ်းကျိန်



**တီဟီရန် ဇူလိုင် ၃၁**

အီရန်သမ္မတ မာဆွတ်ပေဇက်ရှ်ကီယန် ဇူလိုင် ၃၀ ရက်က ပါလီမန်၏ရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၎င်းကျမ်းသစ္စာကျိန်ဆိုသည့် အခမ်းအနားသို့ ပါလီမန်အမတ်များသာမက နိုင်ငံခြားသံတမန်များနှင့် ဟားမတ်စ်၊ ဟူသီသူပုန်အုပ်စု၊ ဟစ်ဇဘိုလာ ပြောက်ကျားအုပ်စုတို့မှ အထူးဧည့်သည်တော်များလည်း တက်ရောက်ကာ အစိုးရရုပ်မြင်သံကြားဌာနက တိုက်ရိုက်ထုတ်လွှင့်ခဲ့သည်။

ကျွန်ုပ်တို့အနေဖြင့် ဂုဏ်သိက္ခာ၊ ဆင်ခြင်တုံတရား၊ လိုက်လျောညီထွေမှုတို့အပေါ် အခြေခံကာ ကမ္ဘာကြီးနှင့် အပြုသဘောဆောင် အကျိုးသက်ရောက်မှုရှိသည့် အပြန်အလှန်ဆက်ဆံရေးတည်ဆောက်သွားမည်သာဖြစ်သည်ဟု ကျမ်းသစ္စာကျိန်ဆိုအပြီးတွင် အီရန်သမ္မတ မာဆွတ်ပေဇက်ရှ်ကီယန်က ထုတ်ဖော်ပြောကြားသည်။

၎င်းသည် လာမည့်ရက်သတ္တနှစ်ပတ်အတွင်း အစိုးရဝန်ကြီးအဖွဲ့ အတည်ပြုဖွဲ့စည်းကြေညာမည်ဖြစ်ကြောင်း သိရသည်။

**Mon**



ရေထုသန့်စင်သွားပြီဖြစ်သဖြင့် အိုလံပစ်အားကစားပွဲတော် အမျိုးသားအားကစားနည်းသုံးမျိုးပေါင်းပြိုင်ပွဲကို စိန်းမြစ်ထဲ၌ ကျင်းပရန် ဇူလိုင် ၃၁ ရက်က ကြိုတင်ပြင်ဆင်ထားစဉ်။

**Mon**

## ဒီမိုကရက်တစ်သမ္မတလောင်း ကာမာလာဟဲရစ် ဒေါ်နယ်လ်ထရမ့်ကို အနိုင်ရရန် အလားအလာကောင်း

**ဝါရှင်တန် ဇူလိုင် ၃၁**

၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲမတိုင်မီ လူထုအမြင်မဲဆန္ဒကောက်ခံရာ၌ ဇူလိုင်နောက်ဆုံးပတ်က ပေါ်ထွက်လာသော ရလဒ်များအရ ဒီမိုကရက်တစ်သမ္မတလောင်း ကာမာလာဟဲရစ်အနေဖြင့် ပြိုင်ဘက်ရီပတ်ဘလီကန် သမ္မတလောင်း ဒေါ်နယ်လ်ထရမ့်ကို အနိုင်ရရန် အလားအလာ ကောင်းလျက်ရှိကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။





ရွေးကောက်ပွဲအတွက် အဓိက တိုက်ပွဲဝင်ပြည်နယ်ကြီးလေးခုဖြစ်သည့် မီချီဂန်၊ အာရီဇိုးနား၊ ဝစ္စကိုဆင်နှင့် နီဗားဒါးတို့တွင် ၎င်းဘက်မှ ထောက်ခံမဲများက ထရမ့်ထက် ၂ မဲမှ ၁၁ မဲသာလွန်ခဲ့သည်။

ထိုမဲရလဒ်အရ ထရမ့်ကပင်ဆယ်လ်ဗေးနီးယားနှင့် မြောက်ကယ်ရိုလိုင်းနားပြည်နယ်တို့တွင်သာ ကာမာလာကို ရာခိုင်နှုန်းအနည်းငယ်ဖြင့် အနိုင်ရခဲ့သည်။

သို့ဖြစ်ရာ အမှန်တကယ်လူထုမဲပေးရမည့်နေ့တွင် ယင်းလူထုအမြင်မဲရလဒ်အတိုင်းသာ ဖြစ်နေမည်ဆိုပါက ကာမာလာဟဲရစ်အနိုင်ရမည်ဟု ဒီမိုကရက်တစ်ပါတီအားပေးထောက်ခံသူများက ထင်မှတ်ယုံကြည်လျက်ရှိသည်။

ဟဲရစ်အနေဖြင့် ၎င်းနှင့်တွဲဖက်ရွေးကောက်ပွဲဝင်မည့် ဒုတိယသမ္မတလောင်းကို လာမည့်အပတ်အတွင်း အတည်ပြုကြေညာသွားရန် စီစဉ်ထားကြောင်း သိရသည်။

**Mon**

## ယန်းငွေတန်ဖိုးကျဆင်းမှုကို ထိန်းချုပ်ရန်အတွက် ဂျပန်ဗဟိုဘဏ်က ဘဏ်အတိုးနှုန်း ထပ်မံတိုးမြှင့်

**တိုကျို ဇူလိုင် ၃၁**

ပြည်တွင်းနှင့် ဒေသဆိုင်ရာဈေးကွက်တွင် ယန်းငွေတန်ဖိုးကျဆင်းမှုကို ထိန်းချုပ်ရန်အတွက် ဂျပန်ဗဟိုဘဏ်က ဘဏ်အတိုးနှုန်းကို တစ်နှစ်အတွင်း ဒုတိယအကြိမ်မြောက် ထပ်မံတိုးမြှင့်လိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အမေရိကန်ဗဟိုဘဏ်နှင့် အင်္ဂလန်ဗဟိုဘဏ်တို့က ဘဏ်အတိုးနှုန်းတိုးမြှင့်ရန် ထုတ်ဖော်ကြေညာခြင်းမပြုမီ ဂျပန်ဗဟိုဘဏ်က ဦးစွာကြေညာခဲ့သည်။





ဂျပန်စီးပွားရေးသည် ယခုနှစ် ဇန်နဝါရီလမှ မတ်လအထိ ၂ ဒသမ ၉ ရာခိုင်နှုန်းအထိ ကြုံ့ဝင်သွားခဲ့ပြီး ဇွန်လက စားသုံးကုန်ဈေးနှုန်း ၂ ဒသမ ၆ ရာခိုင်နှုန်းအထိမြင့်တက်လာပြီးနောက် ဗဟိုဘဏ်က ဒုတိယအကြိမ်မြောက် အတိုးနှုန်းတိုးမြှင့်လိုက်ခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ်က ဂျပန်ဗဟိုဘဏ်အနေဖြင့် အမျိုးသားစီးပွားရေးကို ထိန်းညှိရန် အတိုးနှုန်းကို သုညရာခိုင်နှုန်းအထိ လျှော့ချခဲ့ဖူးသည်။

ယခုနောက်ပိုင်းတွင် ဂျပန်နိုင်ငံတွင်သာမက အမေရိကန် အင်္ဂလန်စသောနိုင်ငံများတွင် ငွေကြေးတန်ဖိုးလျော့ကျသွားသဖြင့် ဘဏ်အတိုးနှုန်းများကို တိုးမြှင့်နေခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## ဗင်နီဇွဲလားနိုင်ငံ ကရာကတ်စ်မြို့တော်တွင် အတိုက်အခံနိုင်ငံရေးအင်အားစုဝင်များ ကန့်ကွက်

**ကရာကတ်စ် ဇူလိုင် ၃၁**

မကြာသေးမီကထွက်ပေါ်လာသော သမ္မတရွေးကောက်ပွဲရလဒ်အပေါ် မကျေနပ်သဖြင့် ဗင်နီဇွဲလားနိုင်ငံ ကရာကတ်စ်မြို့တော်တွင် အတိုက်အခံနိုင်ငံရေးအင်အားစုဝင်များ ဇူလိုင် ၃၀ ရက်က လူအင်အားသိန်းနှင့်ချီ၍ စုဝေးကာ ကန့်ကွက်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

သမ္မတနီကိုလတ်စ်မာဒူရိုအနိုင်ရသည်ဆိုသော မဲရလဒ်အပေါ်အတိုက်အခံဘက်က လက်မခံနိုင်ဟု ငြင်းဆိုရာမှ ထိုလူစုလူဝေးဖြင့် ကန့်ကွက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အစိုးရလုံခြုံရေးတပ်ဖွဲ့ဝင်များက ကန့်ကွက်သော လူစုလူဝေးကို အင်အားသုံးလူစုခွဲခဲ့ရာ လူ ၁၂ ဦးထက်မနည်းသေဆုံးပြီး ရာနှင့်ချီ၍ ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

**Mon**



## ဩဂုတ်လအတွင်း ငွေကြေးဖောင်းပွမှုပမာဏကို ၁၁ နှင့် ၁၂ ရာခိုင်နှုန်းအကြားရှိရန် ပါကစ္စတန်မျှော်မှန်း

**အစ္စလာမ္မာဘတ် ဇူလိုင် ၃၁**

လာမည့် ဩဂုတ်လအတွင်း ငွေကြေးဖောင်းပွမှုပမာဏကို ၁၁ နှင့် ၁၂ ရာခိုင်နှုန်းအကြားရှိရန် ပါကစ္စတန်အစိုးရ မျှော်မှန်းထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဇူလိုင်လအတွင်း ၁၂ နှင့် ၁၃ ရာခိုင်နှုန်းအကြားရှိခဲ့သော ငွေကြေးဖောင်းပွမှုကို နောက်လအတွင်းလျှော့ချနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ပါကစ္စတန် ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

ထိုသို့မျှော်မှန်းသည်ဆိုသော်လည်း အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ထံမှ ရရှိမည့်ချေးငွေ အမေရိကန်ဒေါ်လာသန်း ၇၀၀၀ နှင့်ပတ်သက်၍ ပါကစ္စတန်အစိုးရဘက်မှ လယ်ယာလုပ်ငန်းဝင်ငွေခွန်နှင့် လျှပ်စစ်မီတာခများတိုးမြှင့်ကောက်ခံလျှင် ငွေကြေး ဖောင်းပွမှုတိုးမြင့်လာနိုင်သည်ဟု ကျွမ်းကျင်သူများက ထောက်ပြသည်။

ယမန်နှစ်က ပါကစ္စတန်နိုင်ငံ၏ ငွေကြေးဖောင်းပွမှုပမာဏသည် ၃၀ ရာခိုင်နှုန်းကျော်ရှိခဲ့သော်လည်း ယခုနှစ်အတွင်း ငွေကြေးဖောင်းပွမှုအခြေအနေ ပြေလျော့သွားခဲ့ကြောင်းသိရသည်။

**Mon**



## အိန္ဒိယနိုင်ငံတောင်ပိုင်း ကေရာလပြည်နယ်အတွင်း မိုးသည်းထန်မြေပြိုမှုဖြစ်ပွား၊ လူ ၁၅၁ ဦး သေဆုံး

**ဒေလီ ဇူလိုင် ၃၁**

အိန္ဒိယနိုင်ငံတောင်ပိုင်း ကေရာလပြည်နယ် တောင်ပေါ်ဒေသဖြစ်သည့် ဝါယာနတ်ခရိုင်အတွင်း ဇူလိုင် ၃၀ ရက်က မိုးသည်းထန်မြေပြိုမှုဖြစ်ပွားရာ လူ ၁၅၁ ဦးသေဆုံးခဲ့ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

နံနက်စောစောပိုင်းကတည်းက ဆက်တိုက်သည်းထန်စွာ ရွာသွန်းခဲ့သောမိုးကြောင့် ယင်းမြေပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများက ပြောသည်။

ကယ်ဆယ်ရေးအဖွဲ့ဝင်များ အခင်းဖြစ်နေရာသို့ အချိန်မီလာရောက်ကယ်ဆယ်ခဲ့ရာ လူပေါင်း ၁၀၀၀ ခန့်ကို ကယ်ဆယ်နိုင်ခဲ့ပြီး ၁၈၇ ဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။ **Mon**



## စာဖတ်ရိုန်မြှင့်တင်ရေး စကားရည်လုပြိုင်ပွဲ ကျင်းပ

**သရက် ဇူလိုင် ၃၁**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရိုန်မြှင့်တင်ရေး စကားရည်လုပြိုင်ပွဲကို ခရိုင်ပြည်သူ့စာကြည့်တိုက် Communty Centre ခန်းမ၌ ယမန်နေ့ မွန်းလွဲ ၁နာရီက သရက်မြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်း လေးကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၁၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ **(ယာပုံ)**

အဆိုပါ အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေက အဖွင့်အမှာစကားပြောကြားရာတွင် လူငယ်လူရွယ်များ နှုတ်မှုစွမ်းရည်မြင့်မားလာစေရေး ဗလငါးတန်နှင့်ပြည့်စုံစေရန် စာကြည့်တိုက်ကို အသုံးချတတ်သည့် စာကြည့်တိုက် ယဉ်ကျေးမှု ထွန်းကားလာစေရန် ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားပေးခဲ့ပြီး Book Club အဖွဲ့ဝင် ဦးမြင့်သိန်း ကဗျာဆရာမောင်မင်းသိမ်း (သရက်)က အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပေးခဲ့သည်။

ထို့နောက် အားလပ်ချိန်တွင် အင်တာနက်မှ အသိဗဟုသုတရှာဖွေခြင်းထက် စာကြည့်တိုက်တွင် အသိပညာဗဟုသုတရှာဖွေခြင်းက ပိုမိုကောင်းမွန်သည့် ခေါင်းစဉ်ဖြင့် အထက(၁)၊ အထက(၂)၊ အထက(၃)နှင့် ထခွဲလ(၃) ကျောင်း လေးကျောင်းမှ ပွဲစဉ်(၂)ပွဲ ကျင်းပခဲ့သည်။ ထို့သို့ ယှဉ်ပြိုင်ကြရာတွင် အထက(၂)နှင့် ထခွဲလ(၃)တို့က အနိုင်ရရှိကြသဖြင့် အနိုင်ရအဖွဲ့(၂)ဖွဲ့က ဩဂုတ် ၁ ရက် မွန်းလွဲ ၁ နာရီတွင် အခြေခံပညာကျောင်းများ၌ အမျိုးသမီးဆရာများထက် အမျိုးသား ဆရာများ ပိုလိုအပ်သည့် ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပထမ၊ ဒုတိယ နှစ်ဖွဲ့အား ဆုချီးမြှင့်မည်ဖြစ်ကာ ပါဝင်ယှဉ်ပြိုင်သည့် ကျောင်းသား၊ ကျောင်းသူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဇော်ထက်(သရက်)**



## သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပ

**စစ်ကိုင်း ဇူလိုင် ၃၁**

ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (ရွာသစ်ကြီး)တွင် သဘာဝဘေး အန္တရာယ်ဆိုင်ရာကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် ငလျင်သင္ဘာန်တူဇာတ်တိုက် လေ့ကျင့်ခြင်းအခမ်းအနားကို ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက အဆိုပါ ကျောင်းဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်(ရွာသစ်ကြီး) ဒုတိယ ပါမောက္ခချုပ်က အဖွင့်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီးဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးစိုးလှိုင်က သဘာဝဘေးအန္တရာယ်ဆိုင်ရာ တားဆီးကာကွယ်ရေး အကြောင်းအရာများကို ဟောပြောဆွေးနွေးပေးကာ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကာကွယ်ရေးအသိပညာပေးနံရံကပ်စာစောင်များနှင့် စာအုပ်များကို လေ့လာကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ သဘာဝဘေး အန္တရာယ်များထဲမှ တစ်ခုအပါအဝင်ဖြစ်သော ငလျင်ဘေးဆိုင်ရာ တားဆီးကာကွယ်ရေးနှင့် ထိခိုက်မှုအန္တရာယ်လျော့ချနိုင်ရေးအတွက် ကျောင်းသား၊ ကျောင်းသူများအား လက်တွေ့သရုပ်ပြ လေ့ကျင့်သင်ကြားပေးခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်အားထက်သန်စွာ ပါဝင်လှုပ်ရှားဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## ပွင့်ဖြူမြို့မစည်ပင်သာယာဈေး၌ ဈေးရောင်းဈေးဝယ်ပြည်သူများကို ပလတ်စတစ်သုံးစွဲမှုလျော့ချရေး အသိပညာပေး

**ပွင့်ဖြူ ဇူလိုင် ၃၁**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေး အဖွဲ့က ပလတ်စတစ်ပစ္စည်းများ အလွန်အကျွံသုံးစွဲခြင်းကြောင့် ကြုံတွေ့ရမည့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအန္တရာယ် လျော့နည်းစေရေးအတွက် ဈေးရောင်း၊ ဈေးဝယ်ပြည်သူများသိရှိစေရန် ပလတ်စတစ်သုံးစွဲမှု လျော့ချရေး အသိပညာပေးခြင်းကို ဇူလိုင် ၂၉ ရက် နံနက် ၇ နာရီခွဲက ပွင့်ဖြူမြို့မစည်ပင်သာယာဈေး၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များနှင့်ပူးပေါင်းပြီး ပွင့်ဖြူမြို့မစည်ပင်သာယာဈေးအတွင်းအပြင်ရှိ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများကို တွေ့ဆုံကာ ဈေးရောင်းချရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို ဆိုးကျိုးဖြစ်စေသည့် ပလတ်စတစ်ပစ္စည်းများကို သုံးစွဲခြင်းမပြုရန်နှင့် ပလတ်စတစ် အစားထိုးပစ္စည်းများ ဖြစ်သည့် ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူတို့ဖြင့်သာ ထုပ်ပိုးရောင်းချသွားကြရန်၊ ပြည်သူများအစားအစာ ဘေးကင်းလုံခြုံရေးအတွက် သန့်ရှင်းလတ်ဆတ်သော အသား၊ ငါး၊ အသီးအရွက်နှင့် စားကုန်ပစ္စည်းများကို စနစ်တကျရောင်းချကြရန်နှင့် ဈေးဆိုင်ခန်းများဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိစေရေး အလေးထားဆောင်ရွက်ရန်တို့ကို အသိပညာပေးရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က ဈေးရောင်းဈေးဝယ်ပြည်သူများကို သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးပြီး ပလတ်စတစ်ပစ္စည်း လျော့ချနိုင်ရေးအတွက် ပလတ်စတစ်ပစ္စည်း အစားထိုးအသုံးပြုနိုင်ရန် ငှက်ပျောဖက်၊ အင်ဖက်၊ ကြာဖက်၊ စက္ကူတို့ကို အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(၄၄၅)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## အမှုကွင်းဆက်စစ်ဆေးရာမှ မူးယစ်ဆေးဝါး ဖမ်းမိ

**မိတ္ထီလာ ဇူလိုင် ၃၁**

မူးယစ်တပ်ဖွဲ့စု(၅၅)(မိတ္ထီလာမြို့)မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် တားဆီးနှိမ်နင်းရေးလုပ်ငန်းများဆောင်နေစဉ် ကျောက်ဖူးရပ်ကွက်တွင် အမျိုးတစ်ဦးအား မူးယစ်ဆေးဝါးများနှင့် ဇူလိုင် ၂၇ရက် မွန်းလွဲ ၃ နာရီခွဲက ဖမ်းဆီးရမိသဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိတ္ထီလာမြို့မရဲစခန်းတွင် အရေးယူခံထားရသူအား အမှုကွင်းဆက်စစ်ဆေးရာမှ ကျောက်ဖူးရပ်ကွက်နေအိမ်တွင် ဝင်းထိုက်ဆိုသူအား ပလတ်စတစ်အပြာရောင်ကပ်ခွာအိတ်များဖြင့် ထည့်လျက် WY စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ ၁၀ ထုပ်၊ စုစုပေါင်း ဆေးပြား ၂၀၀၀ နှင့် ထပ်မံဖမ်းဆီးရမိခဲ့သည်။

အဆိုပါ WYစာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြားများအား သုံးစွဲဖြန့်ဖြူးရောင်းချ လက်ဝယ်ထားရှိသူ ဝင်းထိုက်(၄၉နှစ်)ဆိုသူအား မိတ္ထီလာမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေဖြင့် အရေးယူထားပြီး အမှုကွင်းဆက်များ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**

**(၀၅၇)**



## တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၃၁**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၂၉ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးမြို့အဝင် စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit ယာဉ်တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၂၉ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Coconut Fiber Bed Mattress အချပ် ၇၀ ၊ ထိုင်းနိုင်ငံထုတ် Wai Wai ခေါက်ဆွဲခြောက် ၄၁၇၆ ဘူး၊ စင်ကာပူနိုင်ငံထုတ် Beer Flavour ၃၀၀၀ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်းရှစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီးနှင့် Mitsubishi Center တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၂၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota AlPhard ယာဉ်တစ်စီး သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

သင့်အသက်အန္တရာယ်ကာကွယ်ရန်အတွက် ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းပြီး မေးသိုင်းကြိုး သေချာစွာ တပ်ပါ။

## ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်ကြည့်ရှုအားပေး




နေပြည်တော် ဇူလိုင် ၃၁

မွန်ပြည်နယ်အတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ယနေ့တွင် မော်လမြိုင်မြို့ရှိ နယ်မြေခံသင်တန်း၌ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်လင်းမောင်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံအမှာစကား ပြောကြားသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကား ပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ဂုဏ်ပြုကြိုဆိုကြပြီး နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ စာအုပ်လှူဒါန်းပွဲ ကျင်းပ




ညောင်ဦး ဇူလိုင် ၃၁

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန၌ ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီက ညောင်ဦးမြို့နယ်အတွင်းရှိ စံညီစာကြည့်တိုက်များအား စာအုပ်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကျင်းပခဲ့သည်။

စာအုပ်လှူဒါန်းအခမ်းအနားတွင် ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနန်းတင့်က ညောင်ဦးမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအကြောင်းနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဌေးအောင်က ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စံညီစာကြည့်တိုက်များသို့ သုတ၊ ရသစာအုပ်များ လှူဒါန်းပေးရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များသို့ သုတ၊ ရသစာအုပ်များအား ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးနန်းတင့်၊ မြို့နယ်စီမံအဖွဲ့ဝင် ဦးဆန်းထွန်းဦးနှင့် ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဌေးအောင်တို့က စံညီစာကြည့်တိုက် (၆)တိုက်အတွက် စာအုပ်များပေးအပ်လှူဒါန်းရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာကြည့်တိုက်မှူးများက လက်ခံရယူခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၁)

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ။**

## အွန်လိုင်းမှတစ်ဆင့် ပြည်ပနိုင်ငံသားများ၏ ကိုယ်ရေးအချက်အလက်များကို လိမ်လည်ရယူသူများအား ပြစ်ဒဏ်ချမှတ်

ရန်ကုန် ဇူလိုင် ၃၁

အွန်လိုင်းမှတစ်ဆင့် ပြည်ပနိုင်ငံသားများ၏ ကိုယ်ရေးအချက်အလက်များကို လိမ်လည်ရယူသူများအား ယနေ့တွင် ပြစ်ဒဏ်များချမှတ်နိုင်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်တရားရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ၂၆-၁၀-၂၀၂၃ ရက်နေ့ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက် ဦးချစ်မောင်လမ်း ဦးချစ်မောင်အိမ်ရာ တိုက်အမှတ် 5-19 တွင် ဖွင့်လှစ်ထားသော Support Fix ကုမ္ပဏီသည် ၂၀၂၂ ခုနှစ် ဩဂုတ်လမှစ၍ ကမာရွတ်မြို့နယ် ၇ ရပ်ကွက် ကျွန်းတောလမ်းနှင့် Time City Office Tower (3) ၁၅ လွှာ အခန်း ၁၅၀၂ တွင် ရုံးခန်းဖွင့်လှစ်ထားသော Zhan Tu ကုမ္ပဏီမှ ရှာဖွေပေးသည့် ဝန်ထမ်းများဖြင့် အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်ရန် အလို့ငှာ ပြည်ပနိုင်ငံသားများ၏ ကိုယ်ရေးအချက်အလက်များကို လိမ်လည်ရယူနေသဖြင့် တရုတ်နိုင်ငံသား လောက်ဖ ပါ ခြောက်ဦးအား အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)/၃၈ အရ လည်းကောင်း၊ မမိုးမိုးကြည် ပါ ၆၃ ဦးအပေါ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဂ)/၇၃ အရ လည်းကောင်း၊ ၁၉-၁၂-၂၀၂၃ ရက်နေ့တွင် တာမွေမြို့နယ် တရားရုံးတွင် တရားစွဲဆိုခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားအတု ကိုင်ဆောင်သည့် လောက်ဖ(ခ)ဇူကျန်း၊ ကျန်းယွိ(ခ)ဂူခုန်းတို့အား တရားစွဲဆိုခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်များအရ တရားခံ လောက်ဖ(ခ)ဇူကျန်း ပါ ခြောက်ဦးအပေါ် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေအရ အလုပ်နှင့် ထောင်ဒဏ် ခုနစ်နှစ်စီ၊ တရားခံ မမိုးမိုးကြည် ပါ ၆၃ ဦးအပေါ် ဆက်သွယ်ရေးဥပဒေအရ အလုပ်နှင့် ထောင်ဒဏ် သုံးနှစ်စီ၊ လောက်ဖ(ခ)ဇူကျန်းပါ နှစ်ဦးအပေါ် ရာဇသတ်ကြီးပုဒ်မ ၄၂၀ အရ အလုပ်နှင့် ထောင်ဒဏ် ခုနစ်နှစ်စီနှင့် ရာဇသတ်ကြီးပုဒ်မ ၄၆၈ အရ အလုပ်နှင့် ထောင်ဒဏ် ခုနစ်နှစ်စီ ပြစ်ဒဏ်များအား သီးခြားစီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

အောင်မြင့်(ပြန်/ဆက်)




## မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦး အပါအဝင် အရပ်သားကိုးဦး သေဆုံးဟု မဟုတ်မမှန်ရေးသား ဖြန့်ဝေ

နေပြည်တော် ဇူလိုင် ၃၁

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့ရှိ ရပ်ကွက်များအတွင်းသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီး ၁၀ လုံးဖြင့် ပစ်ခတ်မှုကြောင့် သိမ်ဇရပ်ရွာလေးရပ်ကွက်(၇)လမ်းတွင် နေထိုင်သည့် ကိုယ်ဝန်လေးလလွယ်ထားရသည့် အမျိုးသမီးတစ်ဦး အပါအဝင် အရပ်သားကိုးဦး သေဆုံးဟု သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရသည်။

၎င်းသတင်းနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကျိုက်ထိုမြို့နယ်အတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်သမားများနှင့်လည်း ထိတွေ့တိုက်ပွဲဖြစ်ပွားမှုမရှိကြောင်း၊ လက်နက်ကြီးဖြင့် ရပ်ကွက်များအတွင်း ပစ်ခတ်ခဲ့သည်ဆိုသည့် သတင်းမှာလည်း မှန်ကန်မှုမရှိကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် တပ်မတော်အပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန်နှင့် ဒေသခံပြည်သူများ ထိတ်လန့်ကြောက်ရွံ့စေရန် ရည်ရွယ်ချက်များဖြင့် လူမှုကွန်ရက်တွင် မဟုတ်မမှန်သတင်းများ လှုံ့ဆော်ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပင်လောင်းမြို့နယ်အတွင်း ယာယီနေရပ်စွန့်ခွာသူများနေထိုင်သည့်နေရာအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် PNO အဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပစ်ခတ်မောင်းထုတ်ခဲ့သည်ဟု မဟုတ်မမှန် ရေးသားဖြန့်ဝေ

နေပြည်တော် ဇူလိုင် ၃၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်အတွင်း ယာယီနေရပ်စွန့်ခွာသူများ နေထိုင်သည့် နေရာအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် PNO အဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပစ်ခတ်မောင်းထုတ်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ပင်လောင်းမြို့နယ်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် PNO ပအိုဝ်းပြည်သူ့စစ်တပ်ဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပစ်ခတ်မောင်းထုတ်ခဲ့သည်ဆိုသည့်သတင်းမှာ ကောလာဟလ သတင်းအမှားသာဖြစ်ကြောင်း၊ တပ်မတော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား စနစ်တကျကူညီစောင့်ရှောက်မှုများ၊ ထောက်ပံ့မှုများအပါအဝင် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို လူသားချင်းစာနာစိတ်အပြည့်ဖြင့် ကူညီဆောင်ရွက်လျက်ရှိကြောင်းနှင့် အဆိုပါသတင်းမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူများအကြား သွေးထိုးသပ်လျှိုနေသည့် သတင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# နိုင်ငံတကာ အားကစား သတင်းများ

## ဖိလစ်ပီမက်တီယာအားခေါ်ယူရန် အက်စတွန်ဗီလာအသင်း စီစဉ်

**လန်ဒန် ဇူလိုင် ၃၁**

အက်စတွန်ဗီလာအသင်းသည် ခရစ္စတယ်ပဲလေ့စ်အသင်း တိုက်စစ်မှူး ဖိလစ်ပီမက်တီယာအား ခေါ်ယူရန်စီစဉ်လျက်ရှိသည်။

အသက်(၂၇)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၆ပွဲကစားပြီး ၂၉ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်စတွန်ဗီလာအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။ **(ယာပုံ)**

ခရစ္စတယ်ပဲလေ့စ်အသင်းကလည်း ဖိလစ်ပီမက်တီယာအတွက် သင့်တင့်သည့်ပြောင်းရွှေ့ ကြေးနှုန်း ရရှိပါက ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် အက်စတွန်ဗီလာအသင်းအနေဖြင့် လက်ရှိ ဈေးကွက်အတွင်းတွင် ခရစ္စတယ်ပဲလေ့စ်အသင်းထံမှ ဖိလစ်ပီမက်တီယာအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**



## အိုဘရိုင်ယန်အား လေးနှစ်စာချုပ်ဖြင့် အဲဗာတန်အသင်း ခေါ်ယူ



**လန်ဒန် ဇူလိုင် ၃၁**

အဲဗာတန်အသင်းသည် လိုင်ယွန် အသင်း နောက်ခံကစားသမား အိုဘရိုင်ယန်အား စတာလင်ပေါင် သန်း ၂၀ဖြင့် လေးနှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် လိုင်ယွန် အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၂ပွဲ ကစားကာ ၅ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အဲဗာတန် အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)**

အဲဗာတန်အသင်း ထုတ်ပြန်ချက်တွင် 'အိုဘရိုင်ယန်အား ခေါ်ယူနိုင်ခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းကို ရလဒ်ကောင်းတွေ ရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားဦးမှာပါ'ဟု ထုတ်ပြန်သည်။

**(NGB)**

## မာသီးယပ်စ်ဆိုလေးအား ရိုးမားအသင်းတွင် ကျောနံပါတ် ၁၈ဂျာစီအား ဝတ်ဆင်ကစားမည်

**တူရင် ဇူလိုင် ၃၁**

တောင်ပံကစားသမားသစ် မာသီးယပ်စ်ဆိုလေး ရိုးမားအသင်းတွင် ကျောနံပါတ်(၁၈)ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ တောင်ပံကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ဂျူဗင်တပ်အသင်းမှ ရိုးမားအသင်းသို့ ငါးနှစ်စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

တောင်ပံကစားသမား မာသီးယပ်စ်ဆိုလေးသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဂျူဗင်တပ်အသင်းမှ ဖရိုဆီနိုနီအသင်းသို့ အငှားသွားရောက်ကစားပြီး ပြိုင်ပွဲစုံ ၃၉ပွဲကစားပြီး ၁၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရိုးမားအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

အသက်(၂၁)နှစ်အရွယ်ရှိ မာသီးယပ်စ်ဆိုလေးက'ကျွန်တော် ရိုးမားအသင်းမှာ ကျောနံပါတ်(၁၈)ဂျာစီအား ဝတ်ဆင်ကစားသွားမှာပါ။ ကျွန်တော့်ကို နွေးထွေးစွာ ကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ရိုးမား အသင်း ရလဒ်ကောင်းတွေ ရယူနိုင်ဖို့ ကြိုးစားသွားမှာပါ'ဟု ပြောသည်။ **(NGB)**



## ဂိုးသမားဂျော်ဂင်ဆန်အား ချဲလ်ဆီးအသင်း ခေါ်ယူ

**လန်ဒန် ဇူလိုင် ၃၁**

ချဲလ်ဆီးအသင်းသည် ဗီလာရီးရဲလ်အသင်း ဂိုးသမား ဂျော်ဂင်ဆန်အား ယူရို ၂၄ ဒသမ ၅သန်းဖြင့် ၆နှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။



အဆိုပါဂိုးသမားသည် ဗီလာရီးရဲလ်အသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၂ပွဲကစားပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)**

အသက်(၂၂)နှစ်အရွယ်ရှိ ဂိုးသမားဂျော်ဂင်ဆန်သည် လက်ရှိဈေးကွက်အတွင်းတွင် ချဲလ်ဆီးအသင်း ခေါ်ယူသည့် (၈)ဦးမြောက် ကစားသမားဖြစ်လာခဲ့သည်။

**(NGB)**



## ပရင့်ကိုဘီဆစ်စီ လီဗာပူးအသင်းနှင့် ပရော်ဖက်ရှင်နယ် စာချုပ်ချုပ်ဆို

**လီဗာပူး ဇူလိုင် ၃၁**

လီဗာပူးအသင်းသည် အသင်းလူငယ်ကစားသမား ပရင့်ကိုဘီဆစ်စီအား ပရော်ဖက်ရှင်နယ် စာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၁၆)နှစ်အရွယ်ရှိ လူငယ်ကစားသမားသည် အနာဂတ်တွင်ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် လီဗာပူးအသင်းက ပရော်ဖက်ရှင်နယ် စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းထုတ်ပြန်ချက်တွင် 'ပရင့်ကိုဘီဆစ်စီအား ပရော်ဖက်ရှင်နယ် စာချုပ် ချုပ်ဆိုပြီးပါပြီ။ သူဟာတစ်ချိန်မှာ ထွန်းတောက်မယ့် ကစားသမားတစ်ဦးဖြစ်လာမှာပါ။ အသင်းအနေနဲ့လည်း နောက်ထပ်လူငယ်ကစားသမားလေးတွေကို ယခုလို စာချုပ်ချုပ်ဆိုဖို့ ဆက်လက်လုပ်ဆောင်သွားမှာပါ'ဟု ထုတ်ပြန်သည်။ **(အပေါ်ပုံ)**

**(NGB)**

## 2024 Olympics တင်းနစ်ပြိုင်ပွဲတတိယအဆင့်သို့ Novak Djokovic တက်ရောက်

**ပဲရစ် ဇူလိုင် ၃၁**

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် ကျင်းပလျက်ရှိသော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Olympics တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ နာမည်ကျော် ဆားဘီးယားတင်းနစ်ကစားသမား Novak Djokovic တက်ရောက်ခဲ့သည်။ **(အောက်ပုံ)**

အဆိုပါဆားဘီးယားတင်းနစ်ကစားသမား Novak Djokovic သည် 2024 Olympics တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် စပိန်တင်းနစ်ကစားသမား Rafael Nadal အား ၆-၁၊ ၆-၄ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2024 Olympics တင်းနစ် ပြိုင်ပွဲ တတိယအဆင့်တွင် ဆားဘီးယားတင်းနစ်ကစားသမား Novak Djokovic နှင့် ဂျာမနီတင်းနစ်ကစားသမား Dominik Koepfer တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(NGB)**



## နည်းပြ စတီဘရစ်အား နည်းပြသစ်အဖြစ် ဂျမေကာအသင်း ခန့်အပ်ဖွယ်ရှိ

**လန်ဒန် ဇူလိုင် ၃၁**

ဂျမေကာလက်ရွေးစင်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ စတီဘရစ်အား ခန့်အပ်ရန် စီစဉ်လျက်ရှိသည်။

အသက်(၆၃)နှစ်အရွယ်ရှိ နည်းပြသည် နည်းပြဘဝ သက်တမ်းတစ်လျှောက်တွင် ဟူးလ်စီးတီး၊ အက်စတွန်ဗီလာ၊ ဘာမင်ဂမ်၊ ဝီဂန်၊ နယူးကာဆယ်၊ ဝက်စ်ဘရွန်းစသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာအား ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ဂျမေကာ အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ရန် စီစဉ်လာခြင်းဖြစ်သည်။



နည်းပြ စတီဘရစ်ကလည်း ဂျမေကာအသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိနေသည်။ ထို့ကြောင့် နည်းပြ စတီဘရစ်အား ဂျမေကာလက်ရွေးစင်အသင်းနည်းပြသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(ဝဲပုံ)**

**(NGB)**

## မန်ချက်စတာစီးတီးအသင်းအား ပင်နယ်တီအဆုံးအဖြတ်ဖြင့် ဘာစီလိုနာအသင်းအနိုင်ယူ



**မန်ချက်စတာ ဇူလိုင် ၃၁**

နိုင်ငံတကာ ကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များအဖြစ် ယနေ့ နံနက်ပိုင်းက ဘာစီလိုနာအသင်းနှင့် မန်ချက်စတာစီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘာစီလိုနာအသင်းက မန်ချက်စတာစီးတီးအသင်းအား ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ **(ဝဲပုံ)**

ဘာစီလိုနာအသင်းနှင့် မန်ချက်စတာစီးတီးအသင်းတို့သည် မိနစ် ၉၀အထိ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်နေခြင်းကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာ ပင်နယ်တီအဆုံးအဖြတ်တွင် ဘာစီလိုနာအသင်းက မန်ချက်စတာစီးတီးအသင်းအား လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဘာစီလိုနာအသင်းသည် နိုင်ငံတကာကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များအဖြစ် လာမည့် ဩဂုတ် ၄ရက်တွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(NGB)**

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းနှင့် စစ်သည်(အစားခန့်)အရပ်သားဝန်ထမ်းများ၏ သား၊ သမီးများ၊ လူရည်ချွန်လူငယ်များနှင့် ၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်ပညာသင်ဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပ




**မန္တလေး ဇူလိုင် ၃၁**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းနှင့် စစ်သည်(အစားခန့်)အရပ်သားဝန်ထမ်းများ၏ သား၊ သမီးများ၊ လူရည်ချွန်လူငယ်များနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်ပညာသင်ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နေ့လယ်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဆုရစစ်သည်များ၊ ဆုရကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် တိုင်းစစ်ဌာနချုပ်မှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်သည်။ ၎င်းနောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းနှင့် စစ်သည်(အစားခန့်)အရပ်သားဝန်ထမ်းများ၏ သား၊ သမီးများ၊ လူရည်ချွန် လူငယ်များနှင့် ၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်ပညာသင်ဆုများအဖြစ် ရရှိခဲ့ကြသော (၆)ဘာသာဂုဏ်ထူးရရှိသူ (၁၉)ဦး၊ (၅)ဘာသာဂုဏ်ထူးရရှိသူ(၂၂)ဦး၊ (၄)ဘာသာဂုဏ်ထူးရရှိသူ(၂၄)ဦး၊ (၃)ဘာသာဂုဏ်ထူးရရှိသူ(၃၁)ဦး၊ (၂)ဘာသာဂုဏ်ထူးရရှိသူ(၃၃)ဦး၊ (၁)ဘာသာဂုဏ်ထူးရရှိသူ(၈၁)ဦး၊ လူရည်ချွန်ဆုရရှိသူ(၉)ဦး၊ ၂၀၂၄ ခုနှစ်၌ အဆင့်မြင့်ပညာအဆင့် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်ပညာသင်ဆုရရှိသည့် စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း သား၊ သမီး(၁၄)ဦး၊ စုစုပေါင်း (၂၃၃)ဦးတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။

ထို့နောက် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများ ကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးခဲ့ကာ တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ (၀၃၈)

# ပြည်ပမှ စက်သုံးဆီများ ပုံမှန်တင်သွင်းသိုလှောင်ဖြန့်ဖြူးလျက်ရှိသဖြင့် ပြတ်လပ်မှုမရှိနိုင်

**နေပြည်တော် ဇူလိုင် ၃၁**

ဇူလိုင်လလယ်ခန့်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းပြီး ဒေသအချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေခြင်းကြောင့် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် သီလဝါဆိပ်ကမ်းဒေသရှိ Terminal များ၏ ပုံမှန်လုပ်ငန်းဆောင်ရွက်မှုများ အနည်းငယ် နှောင့်နှေးကြန့်ကြာခြင်း၊ သယ်ယူပို့ဆောင်ရာတွင်လည်း လမ်းခရီးအခြေအနေများအရ အချို့ဒေသများသို့ ဆီတင်ယာဉ်ရောက်ရှိရန် အချိန်အနည်းငယ်ကြန့်ကြာခြင်းတို့ကြောင့် အရောင်းဆိုင်အချို့တွင် ဆီတင်ယာဉ်မရောက်မီ စက်သုံးဆီအမယ်အချို့ ယာယီပြတ်လပ်မှုမဖြစ်ပေါ်စေရေး စနစ်တကျစိစစ်ထိန်းသိမ်းရောင်းချစေလျက်ရှိသည့်အပြင် လိုအပ်ပါက Urgent အစီအစဉ်ဖြင့် ဖြည့်တင်းပေးခြင်း၊ ရေကြီးရေလျှံမှုကြောင့် ယာယီပိတ်သိမ်းထားသော အရောင်းဆိုင်များသို့ ပေးပို့နေသည့် စက်သုံးဆီများအား လိုအပ်သည့် အရောင်းဆိုင်များသို့ ရွှေ့ပြောင်းချယူစေခြင်းများကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိသည်။




စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် ပြည်တွင်းစက်သုံးဆီဖူလုံမှုရှိစေရန်နှင့် ပြတ်လပ်မှုမရှိစေရန်အတွက် သီလဝါဆိပ်ကမ်းဒေသရှိ သိုလှောင်ကန်စခန်းများ၌ ၂၀၂၄ ခုနှစ် ဩဂုတ်လ ဒုတိယပတ်ကုန်အထိ စက်သုံးဆီဖူလုံစွာသုံးစွဲနိုင်ရေး ကြိုတင်သိုလှောင်ဖြန့်ဖြူးလျက်ရှိပြီး ပြည်ပမှ စက်သုံးဆီတင်သင်္ဘောများ စဉ်ဆက်မပြတ်ဝင်ရောက်ရန် စီမံကြီးကြပ်ဆောင်ရွက်ထားရှိပြီးဖြစ်သည်။

သို့ဖြစ်ပါ၍ အများပြည်သူများအနေဖြင့် မကြာမီစက်သုံးဆီပြတ်လပ်မည်ဆိုသည့် Online Media သတင်းများနှင့် ပြင်ပကောလာဟလသတင်းများကြောင့် စိုးရိမ်ကြောင့်ကြမှုဖြင့် လိုအပ်သည်ထက် ပိုမိုဝယ်ယူခြင်း၊ သိုလှောင်ထားရှိခြင်း၊ ဈေးနှုန်းမြှင့်တင်၍တစ်ဆင့်ပြန်လည်ရောင်းချခြင်းတို့ကို မပြုလုပ်ကြပါရန်၊ သုံးစွဲရန်လိုအပ်သည့် ပမာဏကိုသာ ဝယ်ယူသုံးစွဲကြပါရန်၊ အရောင်းဆိုင်များကိုလည်း စက်သုံးဆီရှိလျက် ရောင်းချမပေးခြင်းမျိုး မပြုလုပ်ကြစေရေး စနစ်တကျစိစစ်ကြပ်မတ်လျက်ရှိပါကြောင်းနှင့် လက်ရှိအခြေအနေများအရ စက်သုံးဆီပြတ်လပ်နိုင်မှုမရှိနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ညောင်ဦးမြို့နယ်၌ သွေးလိုအပ်မှုများရှိနေ၍ သွေးလှူဒါန်းလိုသူများ ပါဝင်လှူဒါန်းနိုင်




**ညောင်ဦး ဇူလိုင် ၃၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံကြီးနှင့် အထူးကုဆေးရုံများအတွက် သွေးလိုအပ်ချက်များကို ညောင်ဦးမြို့ မြင့်မြတ်သူစေတနာသွေးလှူရှင်အသင်းက ဇီဝိတဒါနအဖြစ် ဖြည့်ဆည်းလှူဒါန်းပေးလျက်ရှိရာ ယခုရက်ပိုင်း ဆေးရုံတက်လူနာဦးရေများပြား၍ သွေးလိုအပ်မှုများရှိနေသဖြင့် သွေးလှူဒါန်းပေးလိုသော စေတနာသွေးလှူရှင်များရှိပါက မည်သူမဆို ပါဝင်လှူဒါန်းနိုင်ကြောင်း အဆိုပါ ညောင်ဦးမြို့ မြင့်မြတ်သူစေတနာသွေးလှူရှင်အသင်းမှ သိရသည်။

ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူနေကြသည့် လူနာများအတွက် အဆင်ပြေစွာ ကုန်းမာရေးဆေးဝါးကုသပေးနိုင်ရန် မြို့နယ်အတွင်း အကြောင်းအမျိုးမျိုးကြောင့် သွေးမလှူဖြစ်ကြသည့် သွေးလှူရှင်အသင်းဝင်များအနေဖြင့် အသင်းနှင့် ချိတ်ဆက်၍ လာရောက်သွေးလှူဒါန်းပေးကြရန်နှင့် သွေးလှူဒါန်းလိုသော သွေးလှူရှင်အသစ်များရှိပါက ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ သွေးလှူရှင်ရုံးသို့ လာရောက်ပြီး သွေးအမျိုးအစား စမ်းသပ်စစ်ဆေးကာ လှူဒါန်းနိုင်ကြောင်း၊ သွေးလှူဒါန်းရန်အတွက် သွားလာရေး အခက်အခဲရှိပါက အသင်းရုံး ဖုန်းနံပါတ် ၀၉-၂၅၂၉၄၂၅၀၀ သို့ ဆက်သွယ်ပေးပါက အသင်းရုံးမှ ကားဖြင့် အကြို၊ အပို့ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့အပြင် မြို့နယ်အတွင်း ကျေးရွာများ၌ ဖွဲ့စည်းထားသော သွေးလှူရှင်အသင်းခွဲများမှ သွေးလှူဒါန်းလိုသူ ငါးဦးနှင့် အထက်ရှိပါက သွေးအမျိုးအစား လာရောက်စစ်ဆေးပေးမည်ဖြစ်ကြောင်းနှင့် သွေးစည်းရုံးရေးမှူးအဖြစ် ကူညီပေးနိုင်သူရှိပါကလည်း သွေးလှူရှင်အသင်းခွဲအဖြစ် ဖွဲ့စည်းဆောင်ရွက်ပေးမည်ဖြစ် ကြောင်း ညောင်ဦးမြို့ မြင့်မြတ်သူစေတနာသွေးလှူရှင်အသင်းဥက္ကဋ္ဌ ဦးရဲမြင့်အောင်ထံမှ သိရသည်။ (၄၄၅)

## ခရိုင် ၁၀ ခရိုင်တွင် ယခုနှစ် မိုးရာသီ၌ မိုးပဲမျိုးစုံစိုက်ဧက ၅၆၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**မန္တလေး ဇူလိုင် ၃၁**

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ၁၀ ခရိုင်တွင် ယခုနှစ် မိုးရာသီ၌ မိုးပဲမျိုးစုံစိုက်ဧက ၅၆၀၀၀၀ ကျော် စိုက်ပျိုးပြီးနေပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ခရိုင် ၁၀ ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးပဲမျိုးစုံ စိုက်ဧကများကို ၇၉၀၀၀၀ ကျော်လျာထားပြီး မေလနှင့် ဇွန်လမှစပြီး စတင်စိုက်ပျိုးခဲ့ရာ ယနေ့အချိန်ထိ မိုးပဲမျိုးစုံစိုက်ဧက ၅၆၀၀၀၀ ကျော်ဧကကို စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ စိုက်ပျိုးနိုင်ခြင်းကြောင့် နိုင်ငံခြားဝင်ငွေရရှိမှုကိုလည်း တစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့မှုပေးနိုင်မည်ဖြစ်သည်။

"တိုင်းဒေသကြီးအတွင်းမှာ မိုးပဲမျိုးစုံတွေကို လျာထားပြည့်မီ ကျော်လွန်အောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ခုဆိုရင် လျာထားချက်ရဲ့ ၇၁ ရာခိုင်နှုန်းလောက် ပြီးနေပါပြီ။ စိုက်ပျိုးတဲ့ပဲတွေ ကတော့ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံနဲ့ အခြားပဲစတဲ့ ပဲတွေကို အဓိကထားစိုက်ပါတယ်။ ဒီပဲတွေက နိုင်ငံခြားကို တင်သွင်းတဲ့ ပဲတွေဖြစ်တယ်။ ပြည်တွင်းစားသုံးမှုနည်းတယ်။ စိုက်ပျိုးတဲ့ ပဲမျိုးစုံတွေရဲ့ ၉၀ ရာခိုင်နှုန်းက နိုင်ငံခြားကို တင်ပို့ပြီးတော့မှ နိုင်ငံခြားဝင်ငွေရတဲ့ သီးနှံတွေဖြစ်တယ်။ ဈေးလည်း ဈေးကောင်းပါတယ်။ ပဲစိုက်တယ်ဆိုတာကလည်း တောင်သူတွေ ဝင်ငွေရအောင်မဟုတ်ဘဲနဲ့ မြေဆီလွှာကောင်းမွန်ဖို့အတွက် အကျိုးပြုတာကြောင့် ပဲစိုက်ပျိုးရေးကို အားပေးပါတယ်။ ပဲနဲ့ပတ်သက်ပြီး စမ်းသပ်ကွက်၊ စံပြကွက်လုပ်ပြတာတွေ၊ မျိုးစေ့ထုတ်စိုက်ခင်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ နောက်ပိုင်းတွေမှာ တိုင်းဒေသကြီးအစိုးရ အစီအစဉ်နဲ့သော်လည်းကောင်း၊ ပြည်ထောင်စုအစီအစဉ်နဲ့သော်လည်းကောင်း နိုင်ငံစီးပွားရန်ပုံငွေရရှိဖို့ ကြိုးစားနေပါတယ်"ဟု ၎င်းက ပြောသည်။



မိုးပဲမျိုးစုံစိုက်ပျိုးသည့် ခရိုင် ၁၀ ခရိုင်မှာ ကျောက်ဆည်ခရိုင်၊ ညောင်ဦးခရိုင်၊ တံတားဦးခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်၊ ရမည်းသင်းခရိုင်၊ သပိတ်ကျင်းခရိုင်၊ အမရပူရခရိုင်၊ အောင်မြေသာစံခရိုင်များတို့တွင် စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ဝဲပုံ)

(၀၃၄)

## လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲကျင်းပ

**ညောင်ဦး ဇူလိုင် ၃၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အနော်ရထာခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ညောင်ဦးမြို့နယ်ရုံးမှ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲနှင့် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခြင်းတို့ကို ယမန်နေ့နံနက် ၉ နာရီခွဲက ဆောင်ရွက်ခဲ့သည်။ (ဝဲပုံ)



အခမ်းအနားတွင် ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနန်းတင့်က ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာများအကြောင်း အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ညောင်ဦးမြို့နယ် ဦးစီးမှူးရုံး ဦးစီးအရာရှိ ဦးလှငြိမ်းက ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်ထိ ကောက်ယူမည့် သန်းခေါင်စာရင်းအကြောင်းအရာများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ရည်ရွယ်ချက်များအား အသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဟောပြောပွဲအပြီးတွင် ပြည်သူများ လေ့လာနိုင်စေရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဗဟိုသန်းခေါင်စာရင်းကော်မရှင်က ထုတ်ဝေသော လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ (၄၈၁)



## ပြည်သူလူထုသို့ တိုက်ရိုက်ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ အသိပညာပေး သင်တန်းဖွင့်လှစ်

**ကျောက်ဆည် ဇူလိုင် ၃၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် လူမှုဝန်ထမ်းဦးစီးမှူးရုံးတွင် ပြည်သူလူထုသို့ တိုက်ရိုက်ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ အသိပညာပေးသင်တန်းကို ဇူလိုင် ၃၀ ရက် နံနက် ၁၀ နာရီက ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အသိပညာပေးသင်တန်းတွင် ကျောက်ဆည်ခရိုင် လူမှုဝန်ထမ်းဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းသန်းစိုးက လူမှုဝန်ထမ်းလုပ်ငန်းကြီး (၇)ရပ်၊ ကလေးသူငယ်အခွင့်အရေးများ၊ ECCD နှင့် ECCD law မသန်စွမ်းကလေးများပြုစုစောင့်ရှောက်နည်း ဦးစီးအရာရှိဒေါ်မြင့်မြင့်ထွေးက အမျိုးသမီးအခွင့်အရေးနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးအသိပညာပေးခြင်း Helpline မှ ဆောင်ရွက်ပေးနေမှုများ၊ သက်ကြီးရွယ်အိုဆိုင်ရာအခွင့်အရေး MCCT နှင့် လူမှုရေးပင်စင်အစီအစဉ် စသည့်တို့ကို အသိပညာပေး သင်ကြားပေးလျက်ရှိသည်။

ဆက်လက်ပြီး ကျောက်ဆည်ခရိုင် လူမှုဝန်ထမ်းဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ခင်ဆွေဝင်းက လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုစနစ် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ပေးနေမှုများကို အသိပညာပေး သင်ကြားပေးသွားမည်ဖြစ်ပြီး အဆိုပါသင်တန်းကို ဇူလိုင် ၃၀ ရက်မှ ၃၁ ရက်အထိ နှစ်ရက်ကြာ အသိပညာပေး သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**တင်တင်ထွေး**

## အမှိုက်များမှ လျှပ်စစ်စွမ်းအင်ထုတ်ယူရန် ကိုရီးယားကုမ္ပဏီတစ်ခုမှ ကွင်းဆင်းသုတေသနပြုလုပ်လေ့လာမည်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနသည် အမှိုက်များ နေ့စဉ်သိမ်းဆည်းစွန့်ပစ်လျက်ရှိရာ ယင်းအမှိုက်များမှ လျှပ်စစ်စွမ်းအင်ထုတ်ယူနိုင်ရန်နှင့် ထွက်ရှိမည့် လျှပ်စစ်ဓာတ်အားပမာဏကို သိရှိရန် ကိုရီးယားကုမ္ပဏီတစ်ခုမှ လာမည့် ဒီဇင်ဘာလတွင် ကွင်းဆင်းသုတေသနဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မြို့တော်စည်ပင်သာယာနယ်နိမိတ်(၆)မြို့နယ်မှ သိမ်းဆည်းရရှိသော အမှိုက်များကို မြို့တောင်ဘက်ပိုင်းရှိ တောင်အင်းမြောက်အင်းနှင့် မြို့မြောက်ဘက်ပိုင်းရှိ ကျောက်ကြမ်းတောင်သို့ စွန့်ပစ်ရာ ၎င်းနေရာများတွင် သုတေသနပြုလုပ်မည်ဟု သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူက ပြောသည်။

"နေ့စဉ် သိမ်းဆည်းရရှိတဲ့ အမှိုက်တွေကို အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် လျှပ်စစ်စွမ်းအင်ထုတ်ယူဖို့ မြို့တော်စည်ပင်သာယာရေးကော်မတီက စီစဉ်တာဖြစ်ပါတယ်။ အမှိုက်တွေကတစ်ဆင့် စွမ်းအင်ထုတ်လုပ်ရာမှာ အမှိုက်တွေကိုရွေးပြီး မီးရှို့တဲ့စနစ်နဲ့ မြေဖို့ပြီးထွက်လာတဲ့ Gass ကိုယူပြီး မီးရှို့တဲ့စနစ်ဆိုပြီး နှစ်ခုရှိတယ်။ ခုလုပ်မယ့် စနစ်က ထွက်လာတဲ့ Gas ကို ထုတ်ယူမီးရှို့ပြီး စွမ်းအင်ထုတ်လုပ်မှာပါ"ဟု ၎င်းက ပြောသည်။

ယခုကဲ့သို့ အမှိုက်များကို မြေဖို့၍ ထွက်လာသော Gas မှတစ်ဆင့် စွမ်းအင်ထုတ်ယူရာ၌ အမှိုက်အမျိုးအစား ရွေးချယ်ရန်မလိုတော့ခြင်းကြောင့် ယခုစနစ်ကို ရွေးချယ်ခြင်းဖြစ်ကြောင်း၊ အမှိုက်များမှ စွမ်းအင်ထုတ်ယူရန် လာရောက်ညှိနှိုင်းသည့် ကုမ္ပဏီများမှာ အမှိုက်ရွေးစနစ်များဖြစ်နေသဖြင့် အမှိုက်ရွေးရန် မလိုသည့် စနစ်အသုံးပြုမည့် ကုမ္ပဏီဖြင့် ဆောင်ရွက်ရန် လွန်ခဲ့သည့် သုံးနှစ်ခန့်ကတည်းက ညှိနှိုင်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

"မြေဖို့ပြီး လျှပ်စစ်စွမ်းအင်ထုတ်တဲ့စနစ်က အမှိုက်တွေ မြေဖို့တဲ့အခါ အပူထွက်လာတယ်။ ပြောရရင် အောင်းပူလို့ ခေါ်တာပေါ့။ အဲဒီကတစ်ဆင့် စွမ်းအင်ထုတ်ယူမှာပါ။ လျှပ်စစ်ဓာတ်အားပမာဏ ဘယ်လောက်ရနိုင်မယ်ဆိုတာက ကွင်းဆင်းသုတေသနလုပ်ပြီးမှ သိရမယ်။ အနည်းဆုံးတော့ အဲဒီပတ်ဝန်းကျင်ကို လျှပ်စစ်ဓာတ်အား ပေးနိုင်မှာပါ။ ပိုလျှံတယ်ဆိုရင် National Grid ထဲ ပို့လွှတ်နိုင်မယ်"ဟု ဆက်လက်ပြောကြားသည်။

မန္တလေးစည်ပင်သာယာနယ်နိမိတ်အတွင်း လူဦးရေ ၁ ဒသမ ၇ သန်းကျော်ရှိရာ တစ်ရက်လျှင် အမှိုက်တန်ချိန် ၁၃ တန်ဝန်းကျင်ထွက်ရှိပြီး မြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ ဝန်ထမ်းများနှင့် မော်တော်ယာဉ် အစီး ၂၈၀ ၊ သုံးဘီးယာဉ် အစီး ၂၅၀ တို့ဖြင့် ထွက်ရှိသော အမှိုက်များကို နေ့စဉ်သိမ်းဆည်း၍ ကျောက်ကြမ်းတောင်နှင့် တောင်အင်းမြောက်အင်းသို့ စွန့်ပစ်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**



## ဆီထွက်သီးနှံ နေကြာစံပြစိုက်ကွက်တွင် မျိုးကွဲနှတ်ပယ်ခြင်းဆောင်ရွက်

**မိုးနဲ ဇူလိုင် ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ မိုးနဲမြို့နယ်၊ မိုက်ဟိုင်းကျေးရွာအုပ်စု၊ လုံစံကျေးရွာရှိ ရေဆင်းစပ်မျိုး(၁) နေကြာမျိုးစေ့ထုတ်စိုက်ခင်း ၅ဧက နေရာ၌ မျိုးကွဲနှတ်ပယ်ခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဇူလိုင် ၃၀ရက် နံနက် ၉နာရီတွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးဇော်မော်ဦးက မျိုးစေ့ထုတ်စိုက်ခင်းများ မျိုးကွဲနှတ်ပယ်ခြင်းနေရာသို့ လာရောက်သူ တောင်သူများအား မျိုးကွဲနှတ်ပယ်သည့် နည်းစနစ်များ၊ အပင်ဖြစ်ထွန်းမှု၊ ပိုးမွှားကျရောက်မှု ရှိမရှိစစ်ဆေးကြည့်ရှုနည်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက စိုက်ခင်းများအတွင်း မျိုးကွဲနှတ်ပယ်ခြင်းလုပ်ငန်းကို လက်တွေ့ပြသ ဆောင်ရွက်ခဲ့သည်။

မျိုးစေ့ထုတ်စိုက်ခင်းများ မျိုးကွဲနှတ်ပယ်ပေးခြင်းအားဖြင့် တောင်သူများ မျိုးကောင်းမျိုးသန့် သုံးစွဲနိုင်ခြင်းနှင့် ထွက်ရှိမည့် နေကြာအရည်အသွေးကောင်းမွန်ခြင်း၊ ဈေးကောင်းရရှိခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်ပြီး မျိုးကွဲနှတ်ပယ်ခြင်းလုပ်ငန်းကို ပန်းပွင့်ကာလနှင့် သီးနှံရင့်မှည့်ချိန်ကာလများတွင် နှတ်ပယ်ရမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



(ဝဲပုံ)မြို့နယ်(ပြန်/ဆက်)

## မန္တလေး ပဲဈေးကွက်တွင် စားတော်ပဲများ ဈေးကောင်းရရှိ အရောင်းအဝယ် သွက်လျက်ရှိ

မန္တလေးပဲဈေးကွက်အတွင်း ပြည်တွင်းစားသုံးမှုများပြားလာတာကြောင့် စားတော်ပဲများ ဈေးကောင်းရှိနေကြောင်း ပဲကုန်သည်များထံက သိရသည်။

မန္တလေး ပဲဈေးကွက်တွင် ကျွန်းစားတော်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ ပေါက်ဈေးရှိနေပြီး အရောင်းအဝယ်သွက်နေကြောင်း စိုးဝင်းမြင့် ပွဲရုံပိုင်က ပြောသည်။


"မန္တလေးပဲဈေးကွက်မှာ ကျွန်းစားတော်ပဲ တစ်အိတ်ကို ငွေကျပ် ၃၀၀၀၀၀ ၊ ဗမာစားတော်လုံးကြီးက တစ်အိတ်ကို ငွေကျပ် ၂၉၀၀၀၀ ပေါက်ဈေးရှိပါတယ်။ ပြည်တွင်းစားသုံးမှု များလာလို့ လက်ရှိမှာ စားတော်ပဲဈေးမြင့်တက်လာတာပါ။ ယခင်နှစ်ကာလတူမှာ ကျွန်းစားတော်ပဲ တစ်အိတ်ကို ငွေကျပ် ၂၄၀၀၀၀ ပဲပေါက်ဈေးရှိခဲ့တာပါ။ လက်ရှိမှာ စားတော်ပဲကို နံနက်စာအဖြစ် အားထားစားသုံးမှုများတာလည်း ဖြစ်ပါတယ်။ စားတော်ပဲကို ရှေးဘုရင်များ လက်ထက်ကတည်းက စိုက်ပျိုးစားသုံးခဲ့တာပါ။ပြည်တွင်းမှာ ကျွန်းလုစားတော်ပဲမျိုးက အကောင်းဆုံးမျိုးဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

စားတော်ပဲမှာ စပါးနှင့်အခြားသီးနှံတွေလို သီးထပ်စိုက်ပျိုးနိုင်ခြင်းမရှိဘဲ တစ်နှစ်လျှင် တစ်ကြိမ်သာ ဆောင်းသီးနှံအဖြစ် အောက်တိုလဘာမှာ စတင်စိုက်ပျိုးပြီး မတ်လမှ ရိတ်သိမ်းခြင်းဖြစ်သည်။

ပြည်တွင်းစားသုံးမှု အနေဖြင့် စားတော်ပဲကို နံနက်စာအဖြစ် အထူးပြုစားသုံးသည့် ပဲတစ်မျိုးဖြစ်ကာ တစ်နှစ်ပတ်လုံး အရောင်းအဝယ်ကောင်းသည့် ပဲတစ်မျိုးဖြစ်သည်။

ပြည်တွင်းစိုက်ပျိုးမှု အနေဖြင့် ပုံမှန်စိုက်ပျိုးထွက်ရှိနေသော်လည်း လက်ရှိအချိန်တွင် ပြည်တွင်း စားသုံးမှုမြင့်မားတာကြောင့် ဈေးကောင်းရရှိနေခြင်းဖြစ်ရာ ဇူလိုင် ၃၁ရက်တွင် ၅၉ပိဿာ ၂၅ကျပ်သား တစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀၀၊ ၂၉၅၀၀၀ ၊ ၃၀၀၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။

**ရွှေမန်း**



## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေ

**အောင်လံ ဇူလိုင် ၃၁**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်ပြည်သူများ ပလတ်စတစ်အိတ်လျှော့ချသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ် ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဇူလိုင် ၃၀ရက် နံနက် ၈ နာရီခွဲက ဆောင်ရွက်ခဲ့သည်။

အဆိုပါ အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် အပတ်စဉ်တနင်္လာနေ့တိုင်း ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်မသုံးစွဲရေးနှင့် ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး Campaign များ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၀ရက်တွင် အဖွဲ့ပိုင်မြို့မဈေးကြီး၌အဆိုပါ Campaign အားပြုလုပ်ခဲ့ပြီး အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ နှင့်ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များ၊ စည်ပင်ကော်မတီများ၊ စုစုပေါင်း ၁၀ဦးတို့မှ ပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မျိုးသိန်း(ပြန်/ဆက်)**



## လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တောင်သူပညာပေးဟောပြောပွဲနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် ရွေးချယ်ဖွဲ့စည်း

**ပွင့်ဖြူ ဇူလိုင် ၃၁**

မကွေးတိုင်းဒေသကြီး၊ပွင့်ဖြူမြို့နယ် တောင်သူအကျိုးဆောင်အသင်း(FFA) က ဒေသခံတောင်သူများ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် အရည်အသွေးကောင်းမွန်သော သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရန် ရည်ရွယ်ကျင်းပသည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တောင်သူပညာပေးဟောပြောပွဲနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်ရွေးချယ် ဖွဲ့စည်းခြင်းကို ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁နာရီက ပွင့်ဖြူမြို့နယ် ပြည်လုံးကျော်ကျေးရွာမွှာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် တောင်သူအကျိုးဆောင်အသင်း (FFA) ဥက္ကဋ္ဌဦးမြင့်အောင်က မြို့နယ်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စိုက်ပျိုးရေးဆိုင်ရာ တောင်သူအသိပညာပေးခြင်း၊ စိုက်ပျိုးရေးအတွက် လိုအပ်သော သွင်းအားစုပစ္စည်းများ တောင်သူများ အဆင်ပြေစွာဝယ်ယူရရှိရေး ကူညီပေးခြင်း၊ အတိုးနှုန်းသက်သာသော ချေးငွေများ ရရှိရေးချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊မြေဆီလွှာနှင့်သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး ပညာပေးခြင်း ၊ စားသုံးသူဘေးကင်းလုံခြုံသော သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေး အသိပညာမျှဝေခြင်း၊ လိုအပ်ချက်အရ တောင်သူများကိုယ်တိုင် မျိုးစေ့ထုတ်လုပ်နိုင်ရေး ပံ့ပိုးကူညီ ဆောင်ရွက်ပေးခြင်းစသည့် တောင်သူအကျိုးဆောင်အသင်း၏ ရည်မှန်းချက် လုပ်ငန်းစဉ်(၇)ရပ်ကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ မြို့နယ်တောင်သူ အကျိုးဆောင်အသင်း (FFA) ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ပြည်လုံးကျော်ကျေးရွာ၌ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ရောက်လာသည့် ဒေသခံတောင်သူများ၏ အများသဘောဆန္ဒဖြင့် တောင်သူအကျိုးဆောင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အလုပ်အမှုဆောင်အဖွဲ့ဝင် ၉ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ဒေသခံတောင်သူများက စိုက်ပျိုးရေးလုပ်ငန်းတွင် တွေ့ကြုံရသည့် လုပ်ငန်းအခက်အခဲများ၊ မြေဆီလွှာဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးသည်။ အဆိုပါ တောင်သူပညာပေး ဆွေးနွေးပွဲသို့ ပွင့်ဖြူမြို့နယ် ပြည်လုံးကျော်ကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံတောင်သူ ၇၀ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

(၄၄၅)

## မန်းချောင်းရေလှောင်တမံ ရေပြည့်အမှတ်အထက် ရေပိုလွှဲမှ ရေကျော်ကျနေမှု ပြန်လည်ကျဆင်းလာ

**ငဖဲ ဇူလိုင် ၃၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင် ငဖဲမြို့နယ် မန်းချောင်းရေလှောင်တမံသည် ဇူလိုင် ၃၀ ရက် နံနက် ၁၁နာရီအချိန် တိုင်းထွာချက်အရ တမံရေပြည့်အမှတ် ၆၂၅ပေအထက် ရေပိုလွှဲမှ ရေကျော်ကျနေမှု ပြန်လည်လျော့နည်းကျဆင်းလာကာ လက်ရှိတွင်ရေပိုလွှဲမှ ၁ ဒသမ ၉ပေခန့် ဆက်လက်ရေကျော်ကျလျက် ရှိကြောင်း မြို့နယ် ဆည်မြောင်းနှင့်ရေ အသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

"မန်းချောင်းရေလှောင်တမံမှာ ဇူလိုင်တတိယပတ်နှင့်စတုတ္ထပတ်အတွင်း မိုးရေချိန် ၀ ဒသမ ၉၀ လက်မ ရွာသွန်းခဲ့တဲ့အတွက် ဆည်အတွင်းကို တောင်ကျချောင်းရေနဲ့ မိုးရေအဝင်များပြီး ရေပြည့်မှတ်ရောက်လာတာ ဖြစ်ပါတယ်။ ဇူလိုင်၂၆ရက်ကစပြီး ရေပိုလွှဲမှ ၀ ဒသမ ၁ပေအမြင့်နဲ့ စတင်ရေကျော်လာခဲ့ရာ ဇူလိုင် ၂၇ရက်ထိ ၃ ဒသမ ၂ပေအထိ ရေကျော်ခဲ့ပြီး တဖြည်းဖြည်း လျော့နည်းကျဆင်းလာခဲ့ရာ ယနေ့မှာ ၁ ဒသမ ၉ပေ အမြင့်ခန့်သာ ရေကျော်ကျမှုရှိပါတယ်။ ဒါကြောင့် မန်းတမံအောက်ဘက်က ပြည်သူတွေ အနေနဲ့စိုးရိမ်ဖွယ်ရာ အခြေအနေ မရှိပါဘူး။ မန်းတမံ ဝန်ထမ်းများကလည်း တမံရေဝင်ရောက်မှုအခြေအနေကို အမြဲမပြတ် စောင့်ကြည့်လျက်ရှိပါတယ်"ဟု ငဖဲမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းမြင့်ကြည်က ပြောသည်။

ငဖဲမြို့နယ် မန်းချောင်း ရေလှောင်တမံသည် မန်းဆည်အထက်ပိုင်းတွင် မိုးရွာသွန်းမှုပိုမိုများပြားခဲ့သည့်အတွက် တမံအတွင်း ရေဝင်ရောက်မှုများခဲ့ပြီး ဇူလိုင် ၂၇ရက်တွင် တမံရေပြည့်အမှတ်ဖြစ်သည့် ၆၂၅ပေအထက် ၃ ဒသမ၂ပေ ရေကျော်ကျမှုရှိခဲ့ရာ မိုးရွာသွန်းမှုမရှိ၍ တမံအတွင်း မိုးရေဝင်ရောက်မှု လျော့နည်းခဲ့သဖြင့် တမံရေပြည့်မှတ်ထက် ၁ ဒသမ ၉ ပေခန့်သာ ရေကျော်ကျမှုရှိကြောင်း၊ ရေပိုလွှဲမှ ရေကျော်ကျမှု အခြေအနေအား မန်းတမံအောက်ဘက်ရှိ ကျေးရွာများမှ ပြည်သူများ ကြိုတင်သိရှိနိုင်ရန် အချိန်နှင့်တစ်ပြေးညီ အသိပေးနှိုးဆော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မယု(ငဖဲ)**



# ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲ ကျင်းပ




**ကျိုင်းတုံ ဇူလိုင် ၃၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီက ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ တွင် ကျင်းပသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၊ တွဲဖက် ပြည်နယ်ရုံး(ကျိုင်းတုံ)မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးအေးမောင်က အမှာစကားပြောကြားပြီး ကျိုင်းတုံ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၊ လက် ထောက်ညွှန်ကြားရေးမှူး ဦးစိုးနိုင် က ကျေးရွာနေပြည်သူ လူကြီး လူငယ်များ အလွယ်တကူ စာပေ ဖတ်ရှုလေ့လာနိုင်ရန်၊ စာပေဖတ်ရှု ခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားစေရန်၊ အမှားအမှန် ဝေဖန် ပိုင်းခြားနိုင်စေရန်၊ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ယဉ်ကျေးသိမ်မွေ့၍ ကိုယ်ကျင့် တရားကောင်းမွန်စေရန်၊ မိမိ/ ဒေသ/နိုင်ငံတော် အကျိုးပြုမည့် သားကောင်း၊ သမီးကောင်းများ ပေါ်ထွန်းလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် စာအုပ် လှူဒါန်းရခြင်းဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် ကျိုင်းတုံမြို့နယ် အတွင်း ကျေးရွာများရှိ စံညီ စာကြည့်တိုက် ခုနစ်တိုက်အတွက် နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေး သည့် စာအုပ် ၄၀၀နှင့် ကျိုင်းတုံ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ စာအုပ် များအား တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာကြည့် တိုက်ကော်မတီဝင်များထံ ပေး အပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**သရက် ဇူလိုင် ၃၁**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်း သုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ် စည်ပင်သာယာရေး မြို့မဈေး အတွင်း ဈေးရောင်း၊ ဈေးဝယ် ပြည်သူများအား ပလတ်စတစ် ကြွပ်ကြွပ်အိတ်အစား ငှက်ပျော ဖက်၊ အင်ဖက် စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေး ခြင်း Campaign နှင့် အင်ဖက် များ အခမဲ့ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၈ နာရီခွဲက မြို့မဈေး အတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်း များ၊ စားသုံးသူရေးရာဦးစီးဌာန မှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်း များ၊ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ အား ဈေးဝယ်ယူရာတွင် လက်ဆွဲ ခြင်းများ၊ ထည့်စရာယူဆောင်လာ ရန် အသိပညာပေးခြင်း၊ လက်ကမ်း စာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ ဖြန့်ဝေကာ ပလတ်စတစ်အိတ် ကြွပ်ကြွပ်အိတ်အသုံးပြုမှု လျှော့ချ ရေး အသိပညာပေးပြောကြား ပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ဇော်ထက်(သရက်)**

*-*-*-*-*






## နတ်မောက်မြို့နယ်၌ နဒီလမ်း အနောက်ဘက်ခြမ်း အုတ်ရေမြောင်း ဆောက်လုပ်

**နတ်မောက် ဇူလိုင် ၃၁**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် စည်ပင်သာယာ ရေးအဖွဲ့မှ မြို့ပေါ်ရပ်ကွက်များ၌ ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေး အတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာ ရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် နဒီ လမ်း အနောက်ဘက်ခြမ်း အုတ် ရေမြောင်းတူးဖော်ခြင်းအား ဆောင် ရွက်လျက်ရှိသည်။

အဆိုပါ နဒီလမ်း အနောက် ဘက်ခြမ်း အုတ်ရေမြောင်းတူးဖော် ခြင်းကို ခွင့်ပြုရန်ပုံငွေ ၂၉ ဒသမ ၆၄ ကျပ်သန်း အကုန်အကျခံကာ အရှည် ၂၃၁ ဒသမ ၆၄ မီတာ၊ အကျယ် ဝ ဒသမ ၄၆ မီတာနှင့် ထု ဝ ဒသမ ၉၁မီတာအား တင်ဒါအောင်ကုမ္ပဏီမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

နတ်မောက်မြို့နယ် စည်ပင် သာယာရေးအဖွဲ့မှ မြို့သန့်ရှင်း သာယာလှပစေရေးနှင့် မိုးရာသီ တွင် ရေကြီးရေလျှံမှုများ မဖြစ် ပေါ်စေရန် ရည်ရွယ်၍ ရေစီးရေလာ ကောင်းမွန်ရေးအတွက် တူးဖော် ထားရှိသော ရေမြောင်းများအား ပြုပြင်ဆောင်ရွက်ခြင်း၊ လိုအပ် သည့်နေရာများတွင် အသစ်ထပ်မံ တူးဖော်ခြင်းများ ဆောင်ရွက် လျက်ရှိကြောင်း မြို့နယ်စည်ပင် သာယာရေးအဖွဲ့မှ တာဝန်ရှိသူ ထံက သိရသည်။

**(ယာပုံ)**

**လှဝင်း**



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## စေတနာ

\------

* အလုပ်ခွင်တွင်း ကျင်လည်ရင်းဖြင့်
ရည်ရွယ်ချက်ပြင်း လိုချင်ခြင်းစုံ
မာန်ဟုန်ပြင်းပြင်း ကြိုးစားခြင်းနှင့်
လွတ်ကင်းအဂတိ သစ္စာရှိကာ
သံသရာပါ စေတနာဖြည့်
ဖြူစွာလေ့ကျက် မမေ့တရား
အစဉ်ထားလျက် အများတွက် . . . ။

* အလုပ်ခွင်တွင်း ဘဝရင်းလျက်
ပေးဆပ်ရက်များ နှစ်တွေစားသော်
ငါကားလုပ်ရင်း ဇရာချဉ်း၏
အိုခြင်းနှင့်ဆုံ မီးစာကုန်လည်း
မာန်ဟုန်စိတ်တင်း ရှင်သန်ခြင်း . . .။

* အများဝေနေ ဒုက္ခတွေကြား
ကိုယ့်ကြောင့်များဖြင့် စိတ်ထားငြင်ငြို
မဖြစ်လိုပါ သာသာညင်းညင်း
ကြည်လင်ခြင်းချုံ့ အေးမြကုန်စေ
မေတ္တာဝေ၏ . . . . . . .
ဆင်ပြေဝမ်းမြောက် ရှိစေသော်ဝ် . . .။ ။

နိုင်ဗလ

## ရတနာပုံတက္ကသိုလ်၌ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပ



**မန္တလေး ဇူလိုင် ၃၁**

ပညာရေးဝန်ကြီးဌာန၊အဆင့် မြင့်ပညာဦးစီးဌာန၊ ရတနာပုံ တက္ကသိုလ်တွင် ၂၀၂၄ခုနှစ် ကမ္ဘာ့ ခရီးသွားလုပ်ငန်းနေ့ (World Tourism Day) အထိမ်းအမှတ် အင်္ဂလိပ်ဘာသာ စာစီစာကုံး ပြိုင်ပွဲကို ဇူလိုင် ၃၀ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ တက္ကသိုလ်ရှိ အဆောင်-၃၁ ၌ ကျင်းပသည်။

စာစီစာကုံးပြိုင်ပွဲကို "Tourism and Peace" ခေါင်းစဉ် ဖြင့် ကျင်းပရာ ဘွဲ့ကြိုသင်တန်း၊ ဒီပလိုမာသင်တန်း၊ ဂုဏ်ထူးတန်း သင်တန်း၊ မဟာအရည်အချင်းစစ် သင်တန်းနှင့် မဟာသင်တန်းများ တွင် တက်ရောက် ပညာသင်ကြား နေသည့် ကျောင်းသား၊ ကျောင်း သူများသည် စိတ်ပါဝင်စားစွာဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**(ဝဲပုံ)(ဝ၈၂)**



## ကျောင်းသား၊ ကျောင်းသူလူငယ်များ စာဖတ်ရှိန်မြှင့်မားရေး မင်းစုအခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**ကျောက်ဆည် ဇူလိုင် ၃၁**

ကျောက်ဆည်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူလူငယ်များ စာဖတ်ရှိန်မြှင့်မားရေး၊ အသိပညာဗဟုသုတပြည့်ဝပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်စေရေး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ဇူလိုင် ၃၀ရက် နံနက် ၁၀ နာရီက မင်းစုအခြေခံပညာအထက်တန်းကျောင်းတွင် လူငယ်စကားဝိုင်း ကျင်းပခဲ့သည်။

ရှေးဦးစွာ မင်းစုအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးကိုယ်စား အထက်တန်းပြဆရာမကြီး ဒေါ်ဝင်းဝင်းက ပညာသင်ချိန်တွင် စာပေကိုအပတ်တကုတ်ကြိုးစားသင်ယူစေလိုကြောင်း၊ စာအုပ်စာပေလူ့မိတ်ဆွေဆိုသည့်အတိုင်း ပြင်ပဗဟုသုတရရှိစေမည့် စာပေများကိုလည်း ရှာဖွေဖတ်ရှုခြင်းဖြင့် အတွေးအခေါ်များမြင့်မားစေမည်ဖြစ်ကြောင်း၊ ပြင်ပစာပေများဖတ်ရှုခြင်းသည် ကျောင်းစာပေများသင်ယူရာတွင် များစွာအထောက်အကူဖြစ်စေကြောင်း အမှာစကားပြောကြားခဲ့ပြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက လူငယ်စကားဝိုင်းများ ကျင်းပရခြင်း ရည်ရွယ်ချက်များ ရှင်းလင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက ဦးဆောင်ပြီး လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပခဲ့ရာ Grade-10 ကျောင်းသား၊ ကျောင်းသူများဖြစ်သည့် မရွှေစင်ထွန်းက လူငယ်နှင့် ကျန်းမာရေး၊ မအိမ့်ဖုန်းသခင်က လူငယ်နှင့် ယဉ်ကျေးမှု၊ မနှင်းရွှေရည်ဝင်းက လူငယ်နှင့်မူးယစ်ဆေးဝါး၊ မောင်ကျော်ဇင်ထက်က လူငယ်နှင့် နည်းပညာ၊ မောင်စိုင်းခန့်ဇော်က လူငယ်နှင့် အားကစားစသည့် ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးခဲ့ပြီး လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ရာ ဦးစီးအရာရှိနှင့်တာဝန်ရှိသူများက အသီးသီး ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ အသိပညာပေးနံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၅)

## သုံးလကျော်အတွင်း ပြည်ပသို့ စက်မှုကုန်ချောပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်းနှစ်ထောင်ကျော် ရရှိထား

ယခုဘဏ္ဍာနှစ် သုံးလကျော်ကာလအတွင်း ပြည်ပသို့ စက်မှုကုန်ချောပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်းနှစ်ထောင်ကျော် ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ မြန်မာနိုင်ငံ၏အဓိက ပြည်ပပို့ကုန်တွင် စက်မှုကုန်ချောတစ်ခုဖြစ်သည့် ချုပ်ပြီးအထည်တင်ပို့မှုသည် ပထမနေရာ၌ ရှိနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချောနှင့် အခြားပို့ကုန်များ တင်ပို့ရာ ယခုဘဏ္ဍာနှစ် သုံးလကျော်ကာလအတွင်း ပို့ကုန်တင်ပို့မှုမှ စုစုပေါင်းအမေရိကန်ဒေါ်လာ ၃၈၂၀ ဒသမ ၃၄၃ သန်းရရှိခဲ့ရာ ယင်းပို့ကုန်များထဲတွင် စက်မှုကုန်ချောပစ္စည်း တင်ပို့မှုမှ အများဆုံးရရှိခဲ့ခြင်းဖြစ်သည်။

ထို့အပြင် သကြား၊ လက်ဝတ်ရတနာ၊ သဘာဝဓာတ်ငွေ့ စသည့် ပစ္စည်းများ တင်ပို့လျက်ရှိကာ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် CMP တို့ကိုလည်း တင်သွင်းလျက်ရှိကြောင်း သိရသည်။ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇူလိုင် ၅ ရက်အထိ သုံးလကျော်ကာလအတွင်း ပြည်ပသို့ စက်မှုကုန်ချောပစ္စည်း တင်ပို့မှုအနေဖြင့် နိုင်ငံပိုင်မှ အမေရိကန်ဒေါ်လာ ၈၆၂ ဒသမ ၄၉၄ သန်းရရှိထားပြီး ပုဂ္ဂလိကပိုင်ကဏ္ဍမှ အမေရိကန်ဒေါ်လာသန်း ၁၁၈၈ ဒသမ ဝ၂၁ သန်း ရရှိထားကာ စုစုပေါင်း ဒေါ်လာသန်း ၂၀၅၀ ဒသမ ၅၁၅ သန်း ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**မန္တလေးနေ့စဉ်-၆**

ဝ-ဝ-ဝ-ဝ-ဝ-ဝ



## ပြည်ပသို့ ပုစွန်မက်ထရစ်တန်(၁၀၀၀)ကျော် တင်ပို့နိုင်ခဲ့

ယခုဘဏ္ဍာနှစ်၏ ဧပြီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ သုံးလတာ ကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၁၀၀၀ ကျော် တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။



ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ သုံးလတာကာလအတွင်း ပုံမှန်ကုန်သွယ်မှုမှ မက်ထရစ်တန် ၁၁၂၄ ဒသမ ၁၄၈ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၃၈ သန်းရရှိခဲ့သည်။

ထို့အပြင် နယ်စပ်ကုန်သွယ်မှုမှ မက်ထရစ်တန် ၅၂ ဒသမ ၁၃၅ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ဝ ဒသမ ၂၅၇ သန်းရရှိသည့်အတွက် ပြည်ပသို့ ပုစွန်တင်ပို့မှု စုစုပေါင်းမက်ထရစ်တန် ၁၁၇၆ ဒသမ ၂၈၃ တန် တင်ပို့ပြီး အမေရိကန် ဒေါ်လာ ၄ ဒသမ ၁၉၅ သန်းရရှိသည်။

မြန်မာနိုင်ငံမှ ပုစွန်အပါအဝင် ငါးစသည့် ရေထွက်ကုန်များကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဂျပန်နိုင်ငံ စသည့် နိုင်ငံပေါင်း ၄၀ကျော်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှလည်း တိုက်ရိုက်တင်ပို့လျက် ရှိကြောင်း သိရသည်။

**မန္တလေးနေ့စဉ်-၆**

## ကျောက်ပန်းတောင်းမြို့နယ် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းတွင် လူငယ်စကားဝိုင်း ကျင်းပ

**ကျောက်ပန်းတောင်း ဇူလိုင် ၃၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(ကျောက်ပန်းတောင်း) တို့ ပူးပေါင်း၍ ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျင်းပသည့် လူငယ်စကားဝိုင်းကို ဇူလိုင် ၃၀ ရက် မွန်းလွဲ ၁နာရီက အဆိုပါကျောင်းရှိ စုဝေးခန်းမတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ဒုတိယကျောင်းအုပ်ဆရာကြီး ဦးဟန်ဝင်းအောင်က လူငယ်စကားဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မေသက်နွယ်က လူငယ်များဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်စကားဝိုင်းများကို ကျောင်းများအလိုက် ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လူငယ်စကားဝိုင်းကို စတင်ကျင်းပရာ မြို့နယ်ဦးစီးအရာရှိက ဦးဆောင်သူအဖြစ် ဆောင်ရွက်၍ ပထမနှစ်(Civil)မှ မောင်ပြည့်စုံက လူငယ်နှင့် အားကစားအကြောင်းကိုလည်းကောင်း၊ ပထမနှစ်(EC)မှ မမျိုးမြင့်မြတ်က လူငယ်နှင့် ယဉ်ကျေးမှု ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပထမနှစ်(EP)မှ မရွှန်းလက်မှုးအိမ်က လူငယ်နှင့်အလုပ်အကိုင်အခွင့်အလမ်းခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပထမနှစ်(MECH) မှ မောင်သီဟနိုင်က လူငယ်နှင့် အင်တာနက် ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဝင်ရောက်ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲအပြီးတွင် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများ၏ မေးမြန်းမှုများအပေါ် ပြန်လည် ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် စက်မှုအင်ဂျင်နီယာ ဌာနမှူး ဒေါ်မျိုးမျိုးဝင်းက ကျေးဇူးတင်စကားပြန်လည် ပြောကြားပြီး ဒုတိယကျောင်းအုပ်ကြီးက မြို့နယ်ဦးစီးအရာရှိ ဒေါ်မေသက်နွယ်အား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူး၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ လူငယ်စကားဝိုင်းသို့ ဒုတိယကျောင်းအုပ်ကြီးနှင့် ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိနှင့်ဝန်ထမ်းများ စုစုပေါင်းအင်အား ၂၅၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)(၄၅၆)



သစ်တောသစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရှေ့တိုက်ကိုစိုး။

# ကောင်းမြတ်သောဆရာ လိမ္မာသောတပည့်

ကဝိဟူသောစကားမှာ ပါဠိစကားဖြစ်၍ သာမန်အားဖြင့် "ကဗျာလင်္ကာသီဆိုတတ်သူ"ဟု အဓိပ္ပာယ်ရပါသည်။ သို့သော်လည်း အင်းဝခေတ် ရဟန်းစာဆို ရှင်မဟာရဋ္ဌသာရ၏ သု၊ စိ၊ ပု၊ ဘာ အစချီ ဆုံးမစာလင်္ကာတွင် "အံ့လောက်ဖွယ်သာ၊ ဂါထာပါဠ်သား၊ စကားဝိုက်လည်၊ စဉ်ရှည်ရေးတီး စကားကြီးက စသည် ထိုထို၊ ဝိဂြိုဟ်ဝစနတ်၊ ဓာတ်ရပစ္စည်း၊ ထုံးနည်းပမာ၊ ဂါထာဆန်းဂိုဏ်း၊ ကရိုဏ်းဌာန်စစ်၊ ဖွင့်လှစ်ဋီကာ၊ အဋ္ဌကထာပါဠိ၊ အောက်ထက်ညှိ၍၊ ကဝိလက္ခဏာ၊ အဖြာဖြာကို…"ဟု ဖွဲ့ဆိုသောကြောင့် ကဝိဟူသောစကားမှာ ထို့ထက်ပိုမိုလေးနက်သော ပညာရှိဟူသော သဘောအဓိပ္ပာယ်ဆောင်ပါကြောင်း မှတ်သားမိပါသည်။

ကဝိလေးပါးတို့၏ ဉစ္စာနှင့်ပတ်သက်၍ ရှေးပညာရှိများ လေးမျိုး ခွဲပြထား၏။

(၁) ကြံစည်ကာသီကုံးနိုင်သော စိန္တာကဝိ။

(၂) အကြားအမြင်ဖြင့် သီကုံးနိုင်သော သုတကဝိ။

(၃) အနက်အဓိပ္ပာယ်ကိုသိမြင်၍ သီကုံးနိုင်သော အတ္ထကဝိ။

(၄) ထိုးထွင်းသိမြင်၍ သီကုံးနိုင်သော ပဋိဘာဏကဝိ ဟူ၍ သီလက္ခန်ဋီကာသစ်တွင် ဖော်ပြထားပါသည်။ ဤကား ဗုဒ္ဓဒသနကို အခြေခံသော မြန်မာ့ပညာရေးအယူအဆတစ်ရပ်ပင်။ ထို့ကြောင့် ပညာရှိဟူသောစကားသည် ဝေါဟာရ သုံးလုံးမျှသာ ရှိသော်လည်း အနက်အဓိပ္ပာယ်အားဖြင့် အနက်အဓိပ္ပာယ်အားဖြင့် လွန်စွာကျယ်ပြန့်နက်ရှိုင်းလှပေ၏။

မြတ်ဗုဒ္ဓကား ကာမ၊ ရူပ၊ အရူပ ဟု လောကအပြင် ဘုံတစ်ခွင်ကို အကုန်အစင် မကြွင်းမကျန်အောင် သိမြင်တော်မူသောကြောင့် သာမန်ကဝိဟူသော ဂုဏ်ပုဒ်ထက်ပိုမိုကာ "လောကဝိဒူ" ဟူသော ဂုဏ်တော်နှင့်ပြည့်စုံတော်မူလေသည်။ ထို့ပြင် မယဉ်ကျေးသောသတ္တဝါအပေါင်းတို့အား ယဉ်ကျေးလိမ္မာအောင် ဆိုဆုံးမသော ဆရာသခင်ဖြစ်တော်မူသောကြောင့် တစ်နည်းအားဖြင့် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ရှေ့သွားလမ်းပြဆရာတစ်ဆူ ဖြစ်တော်မူသောကြောင့် "သတ္ထာဒေဝမနုဿာနံ"ဟူသော ဂုဏ်ပုဒ်နှင့်လည်း ပြည့်စုံတော်မူလေသည်။

အသိအမြင် ကျယ်ပြန့်နှံ့စပ်၍ ထိုးထွင်းသိမြင်သော ပညာရှင်ဖြစ်ပါမူ ကဝိတို့၏ လက္ခဏာဖြစ်သော ဆန်းဂိုဏ်းနှင့်အညီ ဖွဲ့ဆိုသည့် ပါဠိဂါထာ၊ နှစ်သက်ဖွယ်ရာ သံချိုကဗျာ၊ လင်္ကာသီချင်းဖွဲ့ဆိုခြင်းတို့ဖြင့် ရေးသားတန်ဆာဆင်၍ မိမိတို့၏ ကဝိလက္ခဏာကို ပြသကြပေသည်ဟု ဆရာတော် ရှင်မဟာရဋ္ဌသာရက "ကျယ်မြင်နှံ့သိ၊ ပညာရှိမူ၊ ကဝိပျူငှာ၊ ဆန်းဂါထာနှင့်၊ ကဗျာသံချို၊ ဖွဲ့ဆိုခြင်းလျှင်၊ တန်ဆာဆင်၏"ဟု ရေးဖွဲ့ခဲ့လေသည်။

သို့သော် တောတိုင်း၌ စန္ဒကူးမရှိ၊ တောင်တိုင်း၌ ပတ္တမြားမရှိဆိုသောကြောင့် အရပ်ဒေသအသီးသီး၌ ပညာရှိဟူ၍ ကိုးကွယ်ဆည်းကပ်ထိုက်သူ အလွန်ရှားလှပုံကို-

"တောတိုင်းမှာ စန္ဒကူးမရှိ၊ တောင်တိုင်းမှာ ပတ္တမြားမရှိ၊ ဝေးကျူးနှံ့စပ်၊ အရပ်တို့၌၊ ပညာရှိကား၊ အလွန်ရှား၏။ မှတ်သားသိဖွယ် အလင်းတည်း"ဟု ရှေးမြန်မာပညာရှိများက မိန့်ဆိုခဲ့ပြန်သည်။


ဆရာကြီး ဒေါက်တာ လှဘေက

သူ၏မြန်မာစကားပုံများ (Burmese Proverbs) စာအုပ်တွင် မြန်မာ့စကားပုံတစ်ခုဖြစ်သော "တပည့်မကောင်း ဆရာ့ခေါင်း"ကို 'A bad pupil, Blame the teacher' ဟု ပြန်ဆိုပါသည်။ တပည့်၏အနာဂတ် အကောင်းအဆိုး တုံ့ပြန်မှုသည် ဆရာအပေါ်မှာ တည်နေကြောင်း ထိုစကားပုံက ညွှန်ပြနေပါသည်။


မျက်မှောက်ကာလတွင် ဘာသာရပ်တစ်ခု၏ အကိုင်းအခက်နှင့်တူသော အစိတ်အပိုင်းတစ်ခုကိုပင် ကျွမ်းကျင်စွာ တတ်မြောက်သူတို့အား ပါရဂူဘွဲ့များ အပ်နှင်းချီးမြှင့်လေသည်။ ထို့ကြောင့် နည်းပညာ၊ ဆေးပညာ၊ ဇီဝပညာ၊ ဝိဇ္ဇာနှင့်သိပ္ပံပညာရပ်အသီးသီးတို့၌ ပါရဂူဘွဲ့ရသူများ ပေါ်ထွန်းလာရပေသည်။

ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများကား ပညာရှိကဝိများ မဟုတ်ကြသော်လည်း မိမိတို့၏ အရည်အချင်းကို ထာဝရမြှင့်တင်၍ မိမိတို့၏တပည့်များကိုလည်း အနာဂတ်နိုင်ငံတော်အတွက် သားကောင်းရတနာများ ဖြစ်လာရန် တော်တည့်ကောင်းမွန်သည့် လမ်းညွှန်မှုများ ပေးနေသူများဖြစ်သည်။ တစ်နည်းဆိုသော် ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမတို့မှာ ရင်ထဲက စေတနာအလှနှင့် လူ့ဘောင်လောကကို ခြယ်သနေသူများဖြစ်သည်။ ပညာရေးပါရဂူတို့က ဆရာသည် မိမိသင်ကြားပို့ချမည့် ဘာသာရပ်ကို ကျွမ်းကျင်၍ သင်ပြနည်းပညာကိုလည်း ပိုင်နိုင်သူများဖြစ်သည်ဟု ဆိုပါသည်။

ထို့ပြင် ဆရာဟူသည် မိမိတပည့်အပေါင်းတို့၏ အနာဂတ်ကို အမြဲမပြတ် ကြည့်ရှုနေသူများဟု ဆိုပါသည်။ သို့ဆိုပါလျှင် ဆရာတို့သည် အနာဂတ်နိုင်ငံတော် တည်ဆောက်ပြုပြင်ရာတွင် အဓိကအရေးပါသော အခန်းကဏ္ဍက ပါဝင်နေသည်မှာ မည်သူမျှ မငြင်းသာသောအချက်တစ်ခုပင် ဖြစ်သည်။

မြန်မာမှုနယ်ပယ်တွင် "အလိုက်ကောင်း၊ ခေါင်းလောင်းနှင့်ခလောက်"ဟူသော စကားရှိပါသည်။ ဆရာနှင့် တပည့်၊ ခေါင်းလောင်းနှင့် ခလောက်သဖွယ် သဟဇာတဖြစ်ပါက ဆရာ၏ သင်ကြားပို့ချမှုနှင့် တပည့်တို့၏ သင်ယူမှုလုပ်ငန်းများ တိုးတက်အောင်မြင်နေမည်မှာ မလွဲပါချေ။

"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ဖို့"သိင်္ဂါလောဝါဒသုတ်လာ ဆရာ့ကျင့်ဝတ်အတိုင်း ဆရာသည် တပည့်များ လမ်းမှားသို့ မရောက်အောင် ကောင်းမွန်သော အနာဂတ်ဘဝများကို ပိုင်ဆိုင်သည့် လူကောင်းလူတော်များ ဖြစ်အောင် ညွှန်ပြရမည်ဖြစ်သည်။

ထို့ကြောင့် ဆရာသည် အင်္ဂုလိမာလဇာတ်တော်လာ ဟီသက၏ ဆရာမျိုး၊ ဗိမ္ဗိသာရမင်းကြီး၏သားမိုက် အဇာတသတ်၏ဆရာမျိုး မဖြစ်သင့်ပါ။ "ရှေးရှုမေတ္တာ၊ ကရုဏာနှင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာဟူလော့"

မန်လည်ဆရာတော်ကြီး၏ အထက်ပါလင်္ကာက ဆရာသည် တပည့်များ၏ အကျိုးစီးပွားပျက်မည့် အပြုအမူများ၊ လမ်းမှားသို့ ရောက်နိုင်မည့်အပြုအမူများ တွေ့ရှိပါက စိတ်ထဲတွင် မျိုသိပ်မထားဘဲ မဆိုင်းမတွ ဆုံးမတတ်သော ဆရာမျိုးဖြစ်ရန် မီးမောင်းထိုးပြနေပေသည်။ သာဓကအားဖြင့် အထက်ပါ ဆရာကောင်း၏လက္ခဏာကို ငါးရာငါးဆယ်ဇာတ်တော်လာ ထိလာမုဋ္ဌိဇာတ် "နှမ်းခိုးစားသော မင်းသား"တွင် အတုနမူနာယူနိုင်ပါသည်။

ဇာတ်တော်အကျဉ်းမှာ ရှေးသောအခါ ဗာရာဏသီမင်းတစ်ပါး၏သားတော်သည် တက္ကသိုလ်ပြည်၌ ပညာသင်ကြားနေစဉ် တစ်နေ့၌ အမယ်အိုတစ်ယောက် လှန်းထားသောနှမ်းကို လက်တစ်ဆုပ်ယူ၍ ခိုးစား၏။ အမယ်အိုက တစ်စုံတစ်ရာ စကားမဆိုသော်လည်း သုံးကြိမ်မြောက် ခိုးစားသောအခါ၌ ဆရာကိုငို၍ တိုင်၏။ ဆရာက မင်းသားအား ဝါးခြမ်းစိတ်ဖြင့် သုံးကြိမ်ရိုက်၍ ဆုံးမ၏။ မင်းသားသည် ငါမင်းဖြစ်သောအခါ ဆရာကိုခေါ်၍ သတ်မည်ဟု အငြိုးထား၏။ တပည့်၏သဘောထားကို ဆရာက ချက်ချင်း သိ၏။

တပည့်သည် ပညာရပ်တစ်ခုကို ဆုံးခန်းတိုင် သင်ယူပြီးနောက် တိုင်းပြည်သို့ ပြန်ရောက်၍ မင်းဖြစ်၏။ မင်းဖြစ်သော် ဆရာကို လက်ဆောင်ပဏ္ဏာနှင့် လူလွှတ်၍ခေါ်၏။ ဆရာသည် ခေါ်ရင်းအကြောင်းကို သိသော်လည်း ဆုံးမခြင်းငှာထိုက်၏ဟု သွားလေ၏။

ရောက်လျှင်မင်းက "အသင်ဆရာပုဏ္ဏား နှမ်းတစ်ဆုပ်ကြောင့် ငါ့ကိုရိုက်သည်ကို မမေ့ပါ။ သင့်ကိုသတ်ရန် ငါခေါ်ခြင်းဖြစ်သည်"


ကဝိဟူသောစကားမှာ ပါဠိစကားဖြစ်၍ သာမန်အားဖြင့် "ကဗျာလင်္ကာသီဆိုတတ်သူ"ဟု အဓိပ္ပာယ်ရပါသည်။ သို့သော်လည်း အင်းဝခေတ် ရဟန်းစာဆို ရှင်မဟာရဋ္ဌသာရ၏ သု၊ စိ၊ ပု၊ ဘာ အစချီ ဆုံးမစာလင်္ကာတွင် "အံ့လောက်ဖွယ်သာ၊ ဂါထာပါဠ်သား၊ စကားဝိုက်လည်၊ စဉ်ရှည်ရေးတီး စကားကြီးက စသည် ထိုထို၊ ဝိဂြိုဟ်ဝစနတ်၊ ဓာတ်ရပစ္စည်း၊ ထုံးနည်းပမာ၊ ဂါထာဆန်းဂိုဏ်း၊ ကရိုဏ်းဌာန်စစ်၊ ဖွင့်လှစ်ဋီကာ၊ အဋ္ဌကထာပါဠိ၊ အောက်ထက်ညှိ၍၊ ကဝိလက္ခဏာ၊ အဖြာဖြာကို…"ဟု ဖွဲ့ဆိုသောကြောင့် ကဝိဟူသောစကားမှာ ထို့ထက်ပိုမိုလေးနက်သော ပညာရှိ ဟူသော သဘောအဓိပ္ပာယ်ဆောင်ပါကြောင်း မှတ်သားမိပါသည်။


ဟု ဆို၏။ ထိုအခါ ဆရာပုဏ္ဏားက "မကောင်းမှုကို ပြုသဖြင့် တားမြစ်ခြင်းသည် ဆုံးမခြင်းမည်၏။ ရန်သူဟူ၍ မမှတ်ယူသင့်ပါ။ အကယ်၍ နှမ်းခိုးယူစဉ်က မဆုံးမခဲ့သော် ထိုမှတစ်ဆင့် အဝတ်အစား၊ ရွှေငွေတို့ကို အဆင့်ဆင့်ခိုးယူ၍ လုယက်ခြင်း၊ တိုက်ခိုက်ခြင်း၊ သူပုန်ထခြင်းတို့ကို ပြုရာ၏။ ထိုအခါ မင်း၏ဆန့်ကျင်ဘက်ဖြစ်၍ ဖမ်းဆီးသတ်ဖြတ်ခြင်းကို ခံရမည်။ သို့ဖြစ်လျှင် သင်မင်းကြီးမှာ ယခုကဲ့သို့ မင်းစည်းစိမ်ကို အဘယ်မှာ ရအံ့နည်း"ဟု ဆရာပုဏ္ဏားက ရဲဝံ့စွာ လျှောက်တင်လေသည်။

ထိုအခါ မင်းသည် ဆရာ၏ကျေးဇူးကို သိမြင်လာကာ "ဆရာ ကျွန်ုပ် မှားပေပြီ"ဟု ဝန်ခံ၍ ဆရာကို ပုရောဟိတ်အရာ၌ ထားကာ ကိုးကွယ်လေသည်။

ငယ်စဉ်ကတည်းက အကျင့်စာရိတ္တပျက်စီးနေသော မင်းသားအား ဆရာသည် မဆိုင်းမတွ ဆိုဆုံးမခြင်းမပြုခဲ့လျှင် အဘယ်မှာလျှင် နိုင်ငံတော်အား ဦးဆောင်ဦးရွက်ပြုသည့် မင်းအဖြစ်ကို ရနိုင်ပါမည်နည်း။

ဆရာကြီး ဒေါက်တာ လှဘေက သူ၏မြန်မာစကားပုံများ (Burmese Proverbs) စာအုပ်တွင် မြန်မာ့စကားပုံတစ်ခုဖြစ်သော "တပည့်မကောင်း ဆရာ့ခေါင်း"ကို 'A bad pupil, Blame the teacher' ဟု ပြန်ဆိုပါသည်။ တပည့်၏အနာဂတ် အကောင်းအဆိုး တုံ့ပြန်မှုသည် ဆရာအပေါ်မှာ မူတည်နေကြောင်း ထိုစကားပုံက ညွှန်ပြနေပါသည်။

အသိဉာဏ်ပညာနှင့် ပြည့်စုံသောဆရာသမား၏ ဆုံးမမှုကို နာခံရသဖြင့် အကျိုးခံစားရပုံကို ငါးရာငါးဆယ်ဇာတ်တော် သံဝရဇာတ်တွင် တပည့်အလိမ္မာဖြစ်လိုသူများ အတုနမူနာယူနိုင်ပါသည်။ မျက်မှောက်ကာလကဲ့သို့ တိုင်းပြည်ဖွံ့ဖြိုးတက်အောင် ကိုယ်စီစွမ်းဆောင်ရမည့်ကာလမျိုးတွင် လူငယ်ထုအတွင်း တော်တည့်မှန်ကန်သည့် အတွေးအမြင်များ ကိန်းအောင်လာအောင် ဆရာများက လမ်းညွှန်ကြရပါမည်။ ဤသို့ဖြင့် လူတော်လူကောင်းများ ဖြစ်လာကြသော တပည့်များသည် ဆရာကောင်း တပည့်၊ ပန်းကောင်းပန်သူများ ဖြစ်လာကြပေမည်ဟု ကောင်းမြတ်သော စေတနာဖြင့် ရေးသားလိုက်ရပေသည်။

**သန်းစိုးအောင်**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဃ-၃)၊ ဦးပိုင်အမှတ်(၁၉၇-က)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးမောင်မောင်၊ ဒေါ်စုစုဝင်းတို့ အမည်ပေါက် ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်၊ နိုတြီကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူဖြစ်သော ဒေါ်မြတ်ဖူးဇော်(ဘ)ဦးဇော်မြင့်ထွန်း(၉/ခမစ(နိုင်)၀၃၀၂၁၉)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေကအဆုံးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ–** **လွှဲအပ်ညွှန်ကြားချက်အရ–**

**(၁) ဦးဇော်လွင်**
**(၅/မလန(နိုင်)၀၃၀၇၃၁)**
**(၂) ဒေါ်ယဉ်ယဉ်လှ**
**(၅/ကဘလ(နိုင်)၁၄၈၆၂၂)**

**ဒေါ်မြင့်သန်းဌေး (LL.B, D.B.L, PCT(Treaty), IP(Law))**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်စင်ဦး (LL.B)၊ ဒေါ်စင်မာစိုး (LL.B)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၁၆၁)၊ ကန်ကောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊**
**မန္တလေးတိုင်းဒေသကြီး။ ဖုန်း ၀၉-၇၉၈၇၄၄၁၀၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ကျုန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၀)၊ ဦးပိုင်အမှတ်(၅၁) အတွင်းမှ မြောက်ဘက်ခြမ်း အလျား(၂၀)ပေ၊ အနံ(၄၄)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်သည့် ဒေါ်အိအိမွန်(ဘ)ဦးမြသိန်း(၉/သပက(နိုင်)၀၅၀၂၆၅)နှင့် ဦးစောပိုင်(ဘ)ဦးမြသိန်း(၉/သပက(နိုင်)၀၅၅၄၇၄) ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေတို့က အဆုံးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ–** **လွှဲအပ်ညွှန်ကြားချက်အရ–**

**(၁) ဦးကျော်မင်းထိုက်**
**(၉/မခန(နိုင်)၂၆၁၅၄၂)**
**(၂) ဒေါ်မေမြတ်နိုး**
**(၉/မကန(နိုင်)၁၅၁၄၇၂)**

**ဒေါ်မြင့်သန်းဌေး (LL.B, D.B.L, PCT(Treaty), IP(Law))**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်စင်ဦး (LL.B)၊ ဒေါ်စင်မာစိုး (LL.B)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၁၆၁)၊ ကန်ကောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊**
**မန္တလေးတိုင်းဒေသကြီး။ ဖုန်း ၀၉-၇၉၈၇၄၄၁၀၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဓ-၁)၊ ဦးပိုင်အမှတ်(၈၂)၊ ဧရိယာ(၁၈×၅၆)ပေ အကျယ်အဝန်းရှိ အာရ်စီ(၄)ထပ်တိုက် အဆောက်အအုံ၏(ဒုတိယ)ထပ် လျှပ်စစ်မီး၊ မီတာ(၁)လုံး အပါအဝင် တိုက်ခန်းကို နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိ လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်နုနုခင်(ဘ)ဦးခင်စိုး(HIG-007365)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုချိုထွန်း(ဘ)ဦးထွန်းစိန်(၉/မကန(နိုင်)၀၃၂၄၁၆)က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ဝေဝေအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၈၈-၃၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၉၇၄၅၁၀၁၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၆)၊ ဦးပိုင်အမှတ်(၂)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိသော ဒေါ်ဖြူဖြူဝင်း(ခ)ဒေါ်ကာမလက်(ရှ်)ကူမာရီး(ဘ)ဦးသိန်းမောင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၁)ထပ် အဆောက်အအုံ၊ ရေ+မီး၊ ဝင်းခြံအကာအရံအပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူဖြစ်သော ဒေါ်မူမူအေး(ဘ)ဦးအောင်ဘ(၉/မနမ(နိုင်)၀၀၁၀၅၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်စာခြည်နိုင်(တရားလွှတ်တော်ရှေ့နေ)**
**(LL.B)(DBL)(PGDE)**
**င/၂(၁၇)၊ ငုရွှေဝါလမ်း၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ အမှတ်(၃)ရပ်ကွက်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၂၆၅၂၀၊ ၀၉-၇၉၇၂၅၄၂၁၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄၁၇)၊ ဦးပိုင်အမှတ်(၁၀၃-ဋ/၄)၊ ဧရိယာ(၀ ဒသမ ၁၀၁၉)ဧက အကျယ်အဝန်းရှိ ဒေါ်ခင်သန်းရီ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်သန်းရီ(၉/မနမ(နိုင်)၀၄၁၂၂၃)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ဝေဝေမြင့် (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်သစင်ထွန်း (LL.B)** — **Myint thazin Business Legal Consultant**
**၅၅လမ်း၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၄၄၀၁၆၂၅၀၊ ၀၉-၄၄၄၀၀၁၆၄၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ငင-၅)တွင် တည်ရှိသော ဦးပိုင်အမှတ်(၁၈)၊ (၃၀×၄၀)ပေ အကျယ်အဝန်းရှိ စလစ်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ အာရ်စီသုံးထပ် အဆောက်အအုံ(ရေမီးအစုံ)၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြု ကမ်းလှမ်းရောင်းချသူ ဒေါ်ဝါဝါဝင်း(၉/သစန(နိုင်)၀၀၁၃၂၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးလှမိုး (ဥပဒေဘွဲ့)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့)** — **တရားလွှတ်တော်ရှေ့နေ**
**အိမ်အမှတ်(ဒ-၁၁/၄၁ + ၄၄)၊ ၆၃-Aလမ်း၊ ၃၉-Aလမ်းနှင့် လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၇၀၀၀၇၊ ၀၉-၇၉၂၀၇၀၀၀၇၊ ၀၉-၄၃၂၅၀၀၀၀**

## အများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ လားရှိုးမြို့နယ်၊ မေဟန်ရပ်ကွက်နေ ဦးဝိုင်းချစ်ကို(ဘ)ဦးအေးသာ(၉/မကန(နိုင်)၁၂၆၇၁၈)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့မှ ဦးဝိုင်းချစ်ကို အမည်ဖြင့်(၁၈-၁၂-၂၀၂၃)နေ့မှစတင်ပြီး ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့မှ ထုတ်ပေးခဲ့သော မှတ်ပုံတင်လက်မှတ်ရရှိသည့်အချိန်မှစတင်ပြီး အဆိုပါမှတ်ပုံတင်လက်မှတ်မူရင်းနှင့် မူရင်းမှကူးယူထားသည့်စာရွက်မိတ္တူတို့ကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ အသုံးပြုရန် လွှဲပြောင်းပေးအပ်ခဲ့ခြင်းမရှိသကဲ့သို့ ဓာတုပစ္စည်းများအား သယ်ယူပို့ဆောင်ပေးရန် မည်သူတစ်ဦးတစ်ယောက်ကိုမျှ စေခိုင်းခြင်း၊ ငှားရမ်းခဲ့ခြင်း လုံးဝ မရှိပါ။ ယခုအခါတွင် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့မှ ဦးဝိုင်းချစ်ကို အမည်ဖြင့် ထုတ်ပေးထားသည့် မှတ်ပုံတင်လက်မှတ်မိတ္တူစာရွက်များအား ဦးဝိုင်းချစ်ကို၏ ခွင့်ပြုချက်မရရှိဘဲ ကူးယူသုံးစွဲနေကြောင်း သိရှိရပါသည်။ ဦးဝိုင်းချစ်ကို၏ ခွင့်ပြုချက်မရရှိဘဲ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ မှတ်ပုံတင်လက်မှတ်စာရွက်မိတ္တူအား အသုံးပြု၍ ဖြစ်ပေါ်လာသည့်ကိစ္စရပ်များသည် ဦးဝိုင်းချစ်ကိုနှင့် သက်ဆိုင်ခြင်းမရှိကြောင်းနှင့် အဆိုပါ မှတ်ပုံတင်လက်မှတ်စာရွက်မိတ္တူအား လက်ဝယ်ကိုင်ဆောင်အသုံးပြုခဲ့သည်ကို တွေ့ရှိခဲ့ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–** **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးဝိုင်းချစ်ကို**
**(၉/မကန(နိုင်)၁၂၆၇၁၈)**

**ဒေါ်သစင်မင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၀၈၃)**
**အမှတ်(၅၇/၂)၊ သီတာအေး၊ ပိတောက်လမ်း၊ ချမ်းမြသာစည်မြို့နယ်၊**
**မန္တလေးမြို့။**

## ကန့်ကွက်နိုင်ပါသည်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၅၄)၊ ဦးပိုင်အမှတ်(၇၆)၊ ဧရိယာ(၀ ဒသမ ၀၂၇၆)ဧက အကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ(လျှပ်စစ်အိမ်သုံးမီးမီတာ၊ စီမံကိန်းရေမီတာ)အပါအဝင် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ဒေါ်ခင်သင်းကြည်(ဘ)ဦးခင်မောင်(၉/မနတ(နိုင်)၀၁၄၀၁၆)တစ်ဦးတည်း အမည်ပေါက်ပိုင်ဆိုင်ခဲ့သော ဘိုးဘပိုင်မြေကွက်နှင့် ပစ္စည်းများဖြစ်ပါသည်။

အထက်ပါ ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါသည်ဟု အဆိုပြုသူ ဒေါ်ဥမ္မာလွင်၊ ဦးရန်နိုင်လွင်၊ ဦးကျော်မင်းလွင်၊ ဒေါ်ဖြူသင်းလွင်တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက နှစ်ဦးနှစ်ဖက်သဘောတူရောင်းကြေးငွေဖြင့် တရားဝင်အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီး ဖြစ်ပါသည်။ ရောင်းကြေးငွေ၏ တချို့တစ်ဝက်ကိုလည်း စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်ကိစ္စအား မည်သူမဆို ကန့်ကွက်လိုပါက မှန်ကန်ခိုင်လုံသော ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံတွင် ယနေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ယခုအရောင်းအဝယ်ကိစ္စကို တည်ဆဲဥပဒေ၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်သီသီအောင်(ဘဏ်) (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၅၆၄)**

**ဒေါ်ခင်မြမြ(ဘဏ်)**
**B.Sc, H.G.P, R.L, D.B.L and**
**Dip in English.**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၃၇၀)**

**ဒေါ်အေးသစင်မောင်**
**(LL.B, LL.M, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၈)**

**အမှတ်(၂)၊ ၈၆လမ်း၊ လမ်း၃၀နှင့် ၃၁လမ်းကြား၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တီဟီရန်မြို့၌ ကျင်းပသည့် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတသစ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနား တက်ရောက်




တီဟီရန် ဇူလိုင် ၃၁

အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ မိုဟာမက် ဘက်ဂါဂါလီဘာဖ်၏ ဖိတ်ကြားချက်အရ အီရန်နိုင်ငံ၌ ရောက်ရှိနေသော ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယမန်နေ့က တီဟီရန်မြို့ရှိ အီရန်လွှတ်တော်၌ ကျင်းပသည့် အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ သမ္မတသစ် မစ္စတာ မာဆော့ ပါဇက်ရှ်ကီရမ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ တက်ရောက်သည်။

**စုပေါင်းဓာတ်ပုံရိုက်**

ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားမစတင်မီ စုပေါင်းဓာတ်ပုံရိုက်ကြရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အခြားသောကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့်အတူ ပါဝင်ခဲ့သည်။

အဆိုပါ ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားသို့ နိုင်ငံပေါင်း ၈၀ ကျော်မှ နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ လွှတ်တော်ဥက္ကဋ္ဌနှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံခြားရေးဝန်ကြီးများနှင့် အထူးကိုယ်စားလှယ်များ တက်ရောက်ကြပြီး ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနား၌ အစီအစဉ်အရ အီရန်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ မိုဟာမက်ဘက်ဂါဂါလီဘာဖ်က အဖွင့်အမှာစကားပြောကြားကာ အီရန်တရားသူကြီးချုပ် မစ္စတာ မိုဆယ်နီအီဂျဲက မိန့်ခွန်းပြောကြားခဲ့သည်။

ထို့နောက် အီရန်သမ္မတသစ် မစ္စတာ မာဆော့ ပါဇက်ရှ်ကီရမ်က ကျမ်းသစ္စာကျိန်ဆို၍ မိန့်ခွန်းတစ်ရပ်ပြောကြားကာ အီရန်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ မိုဟာမက် ဘက်ဂါ ဂါလီဘာဖ်က အပိတ်မိန့်ခွန်း ပြောကြားပြီး ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**ဂုဏ်ပြုညစာစားပွဲ တက်ရောက်**

ညနေပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အီရန်သမ္မတ မစ္စတာ မာဆော့ ပါဇက်ရှ်ကီရမ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ အခြားသောနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ တက်ရောက်သည်။

အီရန်နိုင်ငံသို့ ရောက်ရှိစဉ် ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီးသည် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ် တိုးတက်မှုအခြေအနေများကို အခမ်းအနား တက်ရောက် လာကြသည့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များအား ထည့်သွင်းဆွေးနွေးပြောကြားခဲ့သည်။

**ပို့ဆောင်ပြသ**

တီဟီရန်မြို့၌ ပြုလုပ်သည့် ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလည်း ပါဝင်တက်ရောက်ခဲ့ကြသည်။

ခရီးစဉ်အတွင်း အိမ်ရှင်အီရန်အစိုးရက ကိုယ်စားလှယ်အဖွဲ့များအား တီဟီရန်မြို့ရှိ အီရန်အမျိုးသားပြတိုက်နှင့် အီရန်ရှေးဟောင်းသုတေသနနှင့် အနုပညာပြတိုက်တို့သို့ ပို့ဆောင်ပြသပေးကြသည်။

အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ သမ္မတသစ် မစ္စတာ မာဆော့ ပါဇက်ရှ်ကီရမ်အား ၁၉၅၄ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ၎င်းသည် နှလုံးခွဲစိတ်ဆရာဝန်တစ်ဦး ဖြစ်သည်။ ၁၉၉၇ ခုနှစ်တွင် ကျန်းမာရေး ဒုတိယဝန်ကြီးအဖြစ် လည်းကောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ကျန်းမာရေးဝန်ကြီးအဖြစ် လည်းကောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ အီရန်လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း ရာထူးတာဝန်အသီးသီး တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၃၁

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူး မစ္စတာ အလက်စ်ဇန်းဒါး ဆာဂီးဗစ်ရှ် ရှတီရော့ဗ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ ဓာတ်သတ္တုတူးဖော်ရေးနှင့် နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၄ ပါရီအိုလံပစ်(ယူ-၂၃) ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များ ထွက်ပေါ်

၂၀၂၄ ပါရီအိုလံပစ်(ယူ-၂၃) ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များအားလုံး ယှဉ်ပြိုင်ကစားအပြီးတွင် ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

၂၀၂၄ ပါရီအိုလံပစ်(ယူ-၂၃) ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင်

| | | |
|---|---|---|
| **ပြင်သစ်** | – | **အာဂျင်တီးနား** |
| **အီဂျစ်** | – | **ပါရာဂွေး** |

| | | |
|---|---|---|
| **မော်ရိုကို** | – | **အမေရိကန်** |
| **ဂျပန်** | – | **စပိန်** |

တို့ အသီးသီးထိပ်တိုက် တွေ့ဆုံလျက်ရှိသည်။

၂၀၂၄ ပါရီအိုလံပစ်(ယူ-၂၃) ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များကို လာမည့် ဩဂုတ် (၂၊ ၃)ရက်များတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(NGB)**

0-0-0-0-0